မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၉ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၁၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၉၆)

အင်အားသုံးရပ်တညီတညွတ်တည်း စုစည်းအားထုတ်ပါက မည်သည့် အခက်အခဲမဆို ကျော်လွှားလွန်မြောက်နိုင်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ပေးနိုင်သည့် အဓိကအင်အားသုံးရပ်ရှိ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ပင်ဖြစ်၍ နိုင်ငံတော် တည်ဆောက်ရေးတွင် ယင်းအင်အားသုံးရပ် တညီတညွတ်တည်း စုစည်းအားထုတ်ပါမှ မည်သည့် အခက်အခဲကိုမဆို ကျော်လွှား လွန်မြောက်နိုင်ပြီး နိုင်ငံလည်းဖွံ့ဖြိုးတိုးတက်မှာဖြစ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ခံများနှင့် တွေ့ဆုံ၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာကောင်းများ တည်ရှိနေပြီးဖြစ် ကျယ်ဝန်းသည့်ရေမြေနယ်နိမိတ်၊ သင့်တင့်လျောက်ပတ်သည့်လူဦးရေအချိုးအစား၊ သဘာဝသယံဇာတ ပေါများကြွယ်ဝမှု၊ ပြည်သူများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထက်မြက်မြင့်မားမှု၊ ဉာဏ်ရည်ထက်မြက်ကောင်းမွန်မှုတို့ ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများ ဖန်တီးပေးထားပြီးဖြစ် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ကြိုးစားလုပ်ဆောင်ကြလျှင်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာမည်

ရန်ကုန် မေ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မေ ၁၅ ရက် နံနက်ဂနာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမသို့သွားရောက်၍ စစ်တွေတပ်နယ်ရှိ အရာရှိ၊အရာခံ၊အကြပ်စစ်သည် မိသားစုများအားတွေ့ဆုံ၍ လမ်းညွှန်မှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

နိုင်ငံတော်ပွဲ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

၁၃၆၇ ခုနှစ် မြန်မာ့နှစ်သစ်နှစ်ဦး မင်္ဂလာအခါသမယတွင် ကောင်းမှုကုသိုလ်ပြုပွားများရင်း ကောင်းကျိုးအဖြာဖြာမျှဝေခံစား

၁၃၆၆ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်သစ်ကူးပွဲတော်ကြီးကား ကျင်းပပြီးစီးသွားခဲ့ပြီ ဖြစ်ပေသည်။

မြန်မာသက္ကရာဇ် ၁၃၆၇ခု နှစ် နှစ်သစ်နှစ်ဦး မင်္ဂလာအခါသမယသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်သည်။

မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်သစ်ကူးပွဲတော်ကာလအတွင်း တစ်ဦးနှင့်တစ်ဦး အတာရေစင် သွန်းလောင်းပက်ဖျန်း ကစားခဲ့ကြသဖြင့် အေးမြသန့်စင်ကြည်လင်ရွှင်ပျ ပျော်မြူးခဲ့ကြသည်။ အတာရေဖြင့် အညစ်အကြေးဟူသမျှကိုလည်း ဆေးကြောသန့်စင်ခဲ့ကြပြီး ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်များသို့ သွားရောက်၍ သီတင်းသီလ ဆောက်တည်ခဲ့ကြသည်။ ရပ်ရွာအတွင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပွားများမှုများကို နာယူခဲ့ကြသည်။ အလှူဒါန ကောင်းမှုကုသိုလ်များကို ပြုလုပ်ခဲ့ကြပြီး တရားဘာဝနာများလည်း ပွားများအားထုတ်ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အမျိုးကောင်းသားသမီး လူငယ်လူရွယ်များသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ လူကြီး၊ မိဘ၊ ဆရာသမားများအား ပူဇော်ကန်တော့ခြင်း၊ သက်ကြီးရွယ်အို အဘိုး၊ အဘွားတို့အား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးခြင်း၊ သောက်သုံးရေ၊ ချိုးရေတို့ဖြင့် ကန်တော့ခြင်းတို့ဖြင့် ဂါရဝပြုကြလေ့ရှိသည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးများတွင် ထုံးသင်္ကန်း ကပ်လှူခြင်း၊ အမွှေးနံ့သာရည်များဖြင့် သပ္ပာယ်ခြင်း၊ ရေတွင်းရေကန်များ ဆယ်သန့်ခြင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ ရပ်ကွက်နှင့်လမ်းများတွင် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှု ပြုကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်တွင် ဆရာတော်၊ သံဃာတော်များကလည်း ပြည်သူပြည်သားအပေါင်း ဘေးအန္တရာယ် ကင်းဝေးစေကြောင်း ပရိတ်တရားတော်များ ရွတ်ဖတ် ချီးမြှင့်တော်မူကြသည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် လမ်းဆုံလမ်းခွများတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြလေ့ရှိသည်။

၁၃၆၇ ခုနှစ် နှစ်သစ်နှစ်ဦး အခါသမယတွင် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးတို့ဖြင့် ကောင်းမှုကုသိုလ်များကိုသာ ကြိုးပမ်းအားထုတ်လျက် ရှိကြသည်။

ဤသို့ မြန်မာပြည်သူ ပြည်သားအပေါင်းတို့သည် ငြိမ်းချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲ ဆင်နွှဲနိုင်ခြင်း၊ ကောင်းမှုကုသိုလ်ပြုနိုင်ခြင်းတို့မှာ နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာခြင်း ကြောင့် ဖြစ်ပေသည်။

ယင်းကဲ့သို့ တည်ငြိမ်အေးချမ်းသာယာနေစေရန်အတွက်လည်း နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပေါင်းစည်းညီညွတ်မှု စွမ်းပကားဖြင့် နိုင်ငံတော်တစ်ဝန်းရှိ နယ်မြေဒေသအသီးသီး အေးချမ်းသာယာစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။

ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု အသီးအပွင့်များကို တိုင်းရင်းသားပြည်သူအပေါင်းတို့ ခံစားရင်း နှစ်သစ်မင်္ဂလာ အခါသမယတွင် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်ကောင်းမှု အဖြာဖြာကို ကောင်းမြတ်သော စိတ်ဓာတ်မနသီဖြင့် ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။ နှစ်သစ်အခါသမယ တွင် လူသစ်စိတ်သစ် အားမာန်သစ်ဖြင့် အများပြည်သူကောင်းကျိုးကို ဆက်လက်သယ်ပိုး သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် မြန်မာ့နှစ်သစ်နှစ်ဦး အခါသမယတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာခြင်း၏ အကျိုးရလဒ်ကောင်းများကို ခံစားရရှိကြလျက် "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း" ဟူသော လောကသာရ ဆုံးမစာနှင့်အညီ ကောင်းမှု ကုသိုလ်ပြုကြရင်း ကောင်းကျိုးအဖြာဖြာ မျှဝေခံစားလျက်ရှိကြကြောင်း ရေးသားလိုက်ရပါသည်။ ။

ကမ္ဘာ့အသေးဆုံး မိုဘိုင်းလ်အသံဖမ်းကိရိယာ စင်ကာပူသုတေသီများ တီထွင်ထုတ်လုပ်

စင်ကာပူ ဧပြီ ၁၆

ကြိုးမဲ့ဆက်သွယ်ရေးကိရိယာများအတွက် ကမ္ဘာ့အသေးဆုံးနှင့် အပါးလွှာဆုံး မိုဘိုင်းလ် အသံဖမ်းကိရိယာကို စင်ကာပူနိုင်ငံ နန်ယန်နည်းပညာ တက္ကသိုလ်(အင်န်တီယူ)သုတေသီများက တီထွင်ထုတ်လုပ်လိုက်သည်။

အင်န်တီယူ သုတေသီများတီထွင်ထုတ်လုပ်လိုက်သော အဆိုပါ မိုဘိုင်းလ်အသံဖမ်းကိရိယာသည် အကျယ် ၁၇မီလီမီတာ အောက်လျော့ပြီး စင်ကာပူ နိုင်ငံသုံး အကြွေစေ့ငါးဆင့်အရွယ်ရှိကြောင်း သိရသည်။

ယင်းမိုဘိုင်းလ်အသံဖမ်းကိရိယာကို ကမ္ဘာ့အနှံ့အပြားမှ ထုတ်လုပ်သူများ အထူးစိတ်ဝင်စားလျက်ရှိကြောင်း အင်န်တီယူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

၂၀၀၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှု စီးရေ ၅ ဒသမ ၆ သန်းအထိရှိလာမည်ဟုခန့်မှန်း

ပေကျင်း ဧပြီ ၁၅

တရုတ်နိုင်ငံ၏ မော်တော်ကား ထုတ်လုပ်မှုသည် ယခုနှစ်အတွင်း ၅ဒသမ ၆သန်းထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၀၄ခုနှစ်ကထက် ၁၂ ရာခိုင်နှုန်း မြင့်တက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ မော်တော်ကား ထုတ်လုပ်ရေးအသင်း အဆင့်မြင့်အရာရှိတစ်ဦးက တနင်္လာနေ့၌ ပြောကြားသည်။

ဆီဒင်ဇိမ်ခံကား ထုတ်လုပ်မှုသည် ၂ ဒသမ ၆ သန်းထိ ရောက်ဖွယ်ရှိပြီး ၁၅ရာခိုင်နှုန်း မြင့်တက်ဖွယ်ရှိကြောင်း မော်တော်ကားထုတ်လုပ်ရေးအသင်း ဒုတိယအမှုဆောင်ဥက္ကဋ္ဌ ကျင်လီက သတင်းစာရှင်းပွဲ၌ ပြောကြားသည်။

ပေကျင်းတွင် ကျင်းပမည့် ၁၁ ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာဆိုင်ရာ မော်တော်ကားပြပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းပွဲပြုလုပ်ရာ၌ အသင်း ဒုတိယအမှုဆောင် ဥက္ကဋ္ဌက ထိုသို့ ပြောကြားခဲ့သည်။

ယခုနှစ်၏ ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုသည် ယခင်နှစ်ကထက် ၁၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး နှစ်ပတ်လည်တိုးတက်မှု ၁၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းကြောင်း၊ လာမည့် သုံးနှစ်၌အလားတူ တိုးတက်မှုအတိုင်း ရှိမည်ဖြစ်ကြောင်း မစ္စတာကျင်ကပြောကြားသည်။ ပေကျင်း အိုလံပစ်အားကစားပွဲ အကျိုးကျေးဇူးကြောင့် ၂၀၀၈ ခုနှစ်တွင် ထုတ်လုပ်မှုသည် ပိုမြင့်မားမည် ဖြစ်ကြောင်းလည်း ၎င်းကဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် စင်ကာပူနိုင်ငံနှင့် ပနားမားနှစ်နိုင်ငံတို့ရရှိ

စင်ကာပူ ဧပြီ ၁၅

စင်ကာပူနိုင်ငံနှင့် ပနားမားနိုင်ငံတို့သည် ယမန်နှစ် ဖေဖော်ဝါရီလမှစပြီး လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်(အက်ဖ်တီအေ)ဆွေးနွေးမှုများ သုံးကြိမ်တိုင်ဆွေးနွေးပြီးနောက် သဘောတူညီချက်များ ရရှိခဲ့ကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ သောကြာနေ့က ထုတ်ပြန်သည့် ကြေညာ ချက်၌ ဖော်ပြထားသည်။

အဆိုပါ ပနားမား-စင်ကာပူအက်ဖ်တီအေသည် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု တို့တွင် ကုန်သွယ်မှုကျော်လွန်ကာ နယ်ပယ်ကဏ္ဍများတွင် နှစ်နိုင်ငံ လွတ်လပ်စွာ ဆောင်ရွက်နိုင်မည့် ပြီးပြည့်စုံသော သဘောတူညီချက်ပင်ဖြစ်ကြောင်း ၎င်း ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းအက်ဖ်တီအေအရ စင်ကာပူမှ ပနားမားသို့ပို့ကုန် ၉၈ရာခိုင်နှုန်းသည် ငါးနှစ်အကောက်ခွန်များ ကောက်ခံမည်မဟုတ်ကြောင်း၊ ပနားမား ထုတ်ကုန်များ စင်ကာပူသို့ဝင်ရောက်ရာတွင် ကုန်ပစ္စည်းအားလုံး အကောက်အခွန် ကောက်ခံမည် မဟုတ်ကြောင်း ဖော်ပြသည်။ ယင်းသဘောတူညီချက်သည် နှစ်နိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ် အထောက်အပံ့ ရရှိစေလိမ့်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

၁၃၆၆ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို မြို့တော်ခန်းမရှေ့မဏ္ဍပ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

၁၃၆၆ခုနှစ် ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၆

၁၃၆၆ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မြို့တော်ခန်းမရှေ့ရှိ အဆိုပါမဏ္ဍပ်၌ကျင်းပရာ ၁၃၆၆ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုး တက်ရောက်ပြီး ရန်ကုန်မြို့တော်ဝန် ရေသဘင်မဏ္ဍပ်ကို ပိတ်သိမ်းပေးသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ကျင်းပရေးကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသများမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ အနုပညာရှင်များနှင့် ယိမ်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အောင်မြင်စွာပိတ်သိမ်း

အခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုးက ညနေ ၅နာရီတွင် ၁၃၆၆ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် အောင်မြင်စွာ ပြီးဆုံးကြောင်းနှင့် ရေသဘင်မဏ္ဍပ် ပိတ်သိမ်းကြောင်း ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် နယ်စပ်ဒေသများမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ယိမ်းအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမိသားစုများက မန်းတောင်ရိပ်ခို တေးသီချင်းကို သံပြိုင်သီဆိုကြပြီး တူညီကကြိုးများဖြင့် ကပြ ဖျော်ဖြေကာ ၁၃၆၆ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင် မဏ္ဍပ်ကို အောင်မြင်စွာ ပိတ်သိမ်းလိုက်သည်။

ယင်းနောက် ည ၇နာရီတွင် ၁၃၆၆ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အိုးစည်ပြိုင်ပွဲ၊ ဒိုးပတ်ပြိုင်ပွဲ၊ ၁၂ ဦး မူကြိုယိမ်းပြိုင်ပွဲ၊ ၁၂ဦးယိမ်း ကျောင်းသား၊ ကျောင်းသူများ ပြိုင်ပွဲ၊ ၁၂ဦး ယိမ်း ရုံး၊ ဌာန အခြားအဖွဲ့များပြိုင်ပွဲ၊ ၁၆ ဦးယိမ်း ကျောင်းများပြိုင်ပွဲနှင့် ၁၆ဦးယိမ်း ရုံး၊ ဌာန၊ အခြားအဖွဲ့များ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ပြိုင်ပွဲဝင်အသင်းများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့် တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုးတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ဆုရရှိသည့် အသင်းများက ပြန်လည်ဧည့်ခံဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပ

ရန်ကုန် ဧပြီ ၁၆

၁၃၆၆ ခုနှစ် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူယာဉ်မောင်းသင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဧပြီ၁၂ရက် ညနေ၃နာရီတွင် နံ့သာသွေးပွဲကို ကျင်းပပြီး မဟာသင်္ကြန်အကြိုနေ့ဖြစ်သော ဧပြီ ၁၃ရက် နံနက် ၈နာရီတွင် ဘုရားရေသပ္ပာယ်ပွဲကို ကျင်းပသည်။

ဘုရားရေသပ္ပာယ်ပွဲသို့ အိန္ဒိယသမ္မတနိုင်ငံ ကုသိနာရုံ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိဿရ ကြွရောက်တော်မူပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး၊ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ကျင်းပရေး ကော်မတီဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များတက်ရောက်ကြသည်။

အဆိုပါ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် ဘုရားရေသပ္ပာယ်ပွဲတွင် ရှေးဦးစွာ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်အကနှင့် "လည်ဖောင်လာပါ ပြည်စညာ" ယိမ်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိဿရ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီးနှင့် ဧည့်သည်တော်များက ပင့်ဆောင်ထားသော ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာရည်တို့ဖြင့် ရေသပ္ပာယ် ပူဇော်ကြသည်။

စည်ကားစွာကျင်းပ

ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ယနေ့အထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်ကွင်း၌ စည်ကားစွာ ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၃၆၆ခုနှစ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူယာဉ်မောင်းသင်ကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဆီးရီးယားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁၇

၂၀၀၅ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖာရော့(ခ်)အယ်(လ်)ရှာရှားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာပွဲတော်အလှဖော်ကျူး မန္တလေးသင်္ကြန်ပျော်ရွှင်စွာဆင်နွှဲ

ရန်ကုန် ဧပြီ ၁၆

မန္တလေးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ရက်တွင် သင်္ကြန်ချစ်သူ ပြည်သူများသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် အစဉ်အလာကောင်းများကို ထိန်းသိမ်းရင်း မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်အလှကို ဖော်ကျူးလျက် ယဉ်ကျေးသိမ်မွေ့ချမ်းမြေ့ ပျော်ရွှင်စွာ ရေကစားကြရာ မန္တလေးမြို့ ကျုံးပတ်လည်၌ သင်္ကြန်အကျနေ့ထက် ပိုမို စည်ကားလျက်ရှိသည်။

အတာရေပက်ဖျန်း

သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေတို့သည် မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဇနီးနှင့် တာဝန်ရှိသူများနှင့်အတူ နန်းမြို့သူသင်္ကြန်မဏ္ဍပ်၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် စသည့် သင်္ကြန်မဏ္ဍပ်များသို့ လှည့်လည်သွားရောက်ကြည့်ရှု အားပေး၍ အတာရေများ ပက်ဖျန်းကြသည်။

မြန်မာနိုင်ငံအရပ်ရပ်မှ မန္တလေးသင်္ကြန်ပွဲတော်သို့ ဆင်နွှဲပျော်ကြသူများဖြင့် မန္တလေးသင်္ကြန်သည် အထူးစည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

မိုးကုတ်တရားပွဲ

ရန်ကုန် ဧပြီ ၁၆

သာကေတမြို့ နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အရှင်ပုညာနန္ဒက ဧပြီ ၁၇ရက် မွန်းလွဲ၂နာရီတွင် သာကေတ ဇိနမာန်အောင်စေတီတော်၏ ဓမ္မပလ္လင်၌ ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြား ပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖြစ် ကျင်းပလျက်ရှိသော မန္တလေးမြို့ ကျုံးရှေ့(၆၆)လမ်းနှင့် (၂၄)လမ်းထောင့်တွင် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်း၏ မြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်၌ အိမ်နီးချင်းနိုင်ငံများက နိုင်ငံအလိုက် ရိုးရာအကများဖြင့် သင်္ကြန်အကြတ်နေ့တွင် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်း သင်္ကြန်မဏ္ဍပ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာနွှဲပျော်

ရန်ကုန် ဧပြီ ၁၆

မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖြစ် ကျင်းပလျက်ရှိသော မန္တလေးမြို့ ကျုံးရှေ့(၆၆)လမ်းနှင့် (၂၄)လမ်းထောင့် အင်းဝဟိုတယ်ရှေ့ရှိ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်း၏ မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်၌ ဧပြီ ၁၅ရက် သင်္ကြန်အကြတ်နေ့တွင် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

အဆိုပါမဏ္ဍပ်၌ ကမ္ဘာလှည့်ခရီးသည်များ၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ပျော်ရွှင်စွာရေပက်ကစားကြပြီး အိမ်နီးချင်းနိုင်ငံများက နိုင်ငံအလိုက် ရိုးရာအကများဖြင့်လည်းကောင်း၊ ရုပ်ရှင်ဂီတအနုပညာရှင်များက အဆိုအကများဖြင့်လည်းကောင်း၊ မန္တလေးမြို့ အနုပညာဦးစီးဌာနမှ သမီးပျိုကလေးများက အဆိုအကများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုံနှိပ်စက်ပညာကိုဝန်ထမ်းများ ခါးဆက်မပြတ်အောင်လေ့ကျင့်သင်ကြား စက်ပစ္စည်းများရရှိနိုင်ရေး စက်မှုဇုန်တာဝန်ရှိသူများနှင့်ညှိနှိုင်း ပြည်တွင်းမှာပင် တီထွင်ဆောင်ရွက်နိုင်ရေးဆွေးနွေးပွဲများပြုလုပ်

ရန်ကုန် ဧပြီ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ မြန်မာ့အလင်း သတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့်မြန်မာ့အလင်းပုံနှိပ်တိုက်များ မဟာသင်္ကြန်ကာလနားရက်တွင် ပုံနှိပ်စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုအခြေအနေတို့ကို ယမန်နေ့နှင့် ယနေ့တို့တွင် လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၁၅ရက် (မဟာသင်္ကြန်အကြတ်နေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြလှိုင်၊ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်ဦးရဲမြင့်ဖေ၊ မန်နေဂျာ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပုံနှိပ်စက်ကြံ့ခိုင်ရေး

ရှေးဦးစွာ ဝန်ကြီးသည် မြန်မာ့အလင်း သတင်းစာတိုက် ပုံနှိပ်စက်ခန်းသို့ သွားရောက်၍ မဟာသင်္ကြန်ကာလအတွင်း ပုံနှိပ်စက်ကြံ့ခိုင်ရေး ဆောင်ရွက်သွားရန် ကြိုတင်ရေးဆွဲထားသည့် မှတ်တမ်းများနှင့် စက်များ မွမ်းမံ ပြုပြင်ရာတွင် ချွတ်ယွင်းမှုရှိပြီး လဲလှယ်ရန်လိုအပ်သော စက်ပစ္စည်းအဟောင်းများ၊ အသစ်လဲလှယ်တပ်ဆင်မည့် စက်ပစ္စည်းများကို ကြည့်ရှု စစ်ဆေးသည်။

လိုက်လံရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးသည် ပုံနှိပ်စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက Unit အလိုက် ရေလုံးမင်လုံးများ ဖြုတ်ချွတ်ဆေးကြောခြင်း၊ ပြန်လည် ချိန်ညှိတပ်ဆင်ခြင်း၊ Ink Form Roller နှင့် Water Formများတွင် Roller Ball Bearing အသစ် လဲလှယ်တပ်ဆင်ခြင်း၊ Blanketနှင့် Plate Cylinder များကို စစ်ဆေးချိန်ညှိခြင်း၊ ဆေးကြော သန့်ရှင်းခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မဟာသင်္ကြန်ကာလအတွင်း မြန်မာ့အလင်းသတင်းစာတိုက် နားရက်တွင် ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မဟာ သင်္ကြန်ကာလအတွင်း မြန်မာ့အလင်းပုံနှိပ်တိုက် နားရက်တွင် ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုနှင့် စက်အရန်ပစ္စည်းအသစ်များကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက်ဝန်ကြီးသည် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ မဟာသင်္ကြန်အတက်နေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၂လမ်း အမှတ်(၇၇)ရှိ ကြေးမုံသတင်းစာတိုက်သို့ ရောက်ရှိလာရာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ ညွှန်ကြားရေးမှူး (စီမံ)ဦးစိုးဝင်း၊ စာတည်းမှူးချုပ် ဦးဇော်မင်းသိမ်း၊ မန်နေဂျာ ဒေါ်ခင်ညိုဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ပုံနှိပ်စက်ခန်းရှိ မဟာသင်္ကြန်ကာလအတွင်း ပုံနှိပ်စက်ကြံ့ခိုင်ရေးနှင့် အထွေထွေ ဆောင်ရွက်ချက်မှတ်တမ်း၊ စက်များမွမ်းမံပြုပြင်ရာတွင် ချွတ်ယွင်းမှုရှိပါက အသစ်လဲလှယ်ရန် လိုအပ်သော စက်ပစ္စည်း အဟောင်းများနှင့် အသစ်လဲလှယ်တပ်ဆင်မည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက စက် Unit အလိုက် ဆေးကြောချိန်ညှိခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းပုံနှိပ်တိုက်သို့ရောက်ရှိပြီး ပုံနှိပ်စက်ခန်းအတွင်း ပုံနှိပ်စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက သင်္ကြန်ကာလ ပိတ်ရက်၌ နားရက်မယူဘဲ ပုံနှိပ်စက် ကြံ့ခိုင်ရေးအတွက် ပြင်ဆင်မွမ်းမံနေမှုများ၊ စက်အရန်ပစ္စည်းအသစ်များ၊ ပုံနှိပ်စက်ခန်းသုံး စက်ပစ္စည်းများ၊ စက်ခန်းသန့်ရှင်းရေးအတွက် ဆောင်ရွက်နေမှုများနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပြင်ဆင်မွမ်းမံမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည်ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ညနေပိုင်းတွင် မြန်မာ့အလင်းပုံနှိပ်တိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

စီမံဆောင်ရွက်ရန်မှာကြား

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အလင်း သတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့အလင်းပုံနှိပ်တိုက်တို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားရာတွင် ပုံနှိပ်စက်အရန်ပစ္စည်းများ အမြဲအရန်အသင့်ရှိအောင် စီစဉ်ထားရန်နှင့် မကြာခဏ ပျက်စီးချွတ်ယွင်းတတ်သောစက်ပစ္စည်းများကို ဦးစားပေး အရန်အသင့်ရှိရေး စီစဉ်ဆောင်ရွက်ထားရန်၊ အချို့စက်ပစ္စည်းများမှာ စက်မှုဇုန်များတွင်ထုတ်လုပ်နိုင်သဖြင့် နိုင်ငံခြား ပစ္စည်းထက် ပြည်တွင်း စက်မှုဇုန်ထုတ်ပစ္စည်းများကို အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်၊ မိမိတို့ပုံနှိပ်စက်သုံး စက်ပစ္စည်းများကို စက်မှုဇုန်မှ တာဝန်ရှိသူများအား ခေါ်ယူပြသညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည့်စက်ပစ္စည်းများရရှိရေး ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန်၊ ပြည်ပမှ မှာယူတင်သွင်းခြင်းမပြုရဘဲ ပြည်တွင်းမှာပင် ရရှိရေးအတွက် တီထွင်ဆောင်ရွက်နိုင်အောင် ဆွေးနွေးပွဲများပြုလုပ်ဆောင်ရွက်သွားရန်၊ အချို့ပစ္စည်းများမှာ လောလောဆယ် ပြည်တွင်းတွင် ထုတ်လုပ်နိုင်ခြင်းမရှိသေးသော်လည်း ရေရှည်တွင် စမ်းသပ်တီထွင်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းထားရန်၊ စက်များကို အမြဲမပြတ်စစ်ဆေးစေ၍ လိုအပ်မှုကို ပြုပြင်ဆောင်ရွက်နေရန်၊ စက်တစ်လုံးချင်းပြုပြင်မှုကို မှတ်တမ်းထားရှိရန်၊ စက်ကိုင်တွယ်သူများကိုလည်း ကျွမ်းကျင်မှုရှိအောင် ပြည်တွင်း ပြည်ပ သင်တန်းများ တက်ရောက်နိုင်ရေး စီစဉ်ပေးရန်၊ ပုံနှိပ်စက်ပညာကို ဝန်ထမ်းများ ခါးဆက်မပြတ်အောင် လေ့ကျင့်သင်ကြားရေး စီမံဆောင်ရွက်ရန်၊ စက်နှင့်စက်ခန်းသန့်ရှင်းရေးကို အမြဲဂရုစိုက်ဆောင်ရွက်ရန်၊ မီးဘေး လုံခြုံရေး အထူးဂရုစိုက်ကြရန်၊ ပုံနှိပ်စက်ခန်းများ လေဝင်လေထွက်ကောင်းမွန်အောင်စီစဉ်ရန်နှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးကို တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန် တို့ကို မှာကြားသည်။

၁၃၆၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေခဲ့ကြသည်။

ဧပြီ ၁၃ ရက် မဟာသင်္ကြန်အကြိုနေ့၊ ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့နှင့် ဧပြီ ၁၅ ရက် မဟာသင်္ကြန် အကြတ်နေ့တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေခဲ့ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ သုံးရက်တာ ရပ်နားခဲ့ကြသည်။

ထုတ်ဝေသွားမည်ဖြစ်

ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့၊ ဧပြီ ၁၇ ရက် ၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နှင့် ဧပြီ ၁၈ ရက်တို့တွင် မြန်မာ့အလင်း သတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ ထုတ်ဝေပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ သုံးရက်တာ ရပ်နားထားမည်ဖြစ်သည်။

သတင်းစာတိုက်များသည် တစ်နှစ်တာ ကာလအတွင်း သုံးရက်မျှ ခေတ္တ နားခဲ့ရာမှ အဆိုပါနားရက်များအတွင်း ပုံနှိပ်စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက ပုံနှိပ်စက် ကြံ့ခိုင်မှုများကို နားရက်မယူဘဲ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

(၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့)
၁၇-၄-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ **နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်)ရောဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက်နီကြောတရုံ့ သောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိသုတ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)ဟောကြားတော်မူသော ‘အဖော်မှန်’ နှစ်သစ်ကူးတရားတော်နှင့် ‘မင်္ဂလသုတ်ပါဠိတော်များ’**
၈း၀၀ ၄။ ဓမ္မပူဇာတေးအစီအစဉ်
၈း၁၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၂၀ ၆။ ခါသင်္ကြန်အဆိုအကများ
၈း၃၀ ၇။ International News
၈း၄၅ ၈။ ဘဒ္ဒန္တကုမာရ(အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက)ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မဟာဝိသုတာရာမတိုက်သစ် မကွေးမြို့ထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ ချစ်စရာ့တာသင်္ကြန်
၁၂း၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **“မြန်မာ့နှစ်ဦးလတန်ခူး”** (ကျော်သူ၊ မေသဥ္ဇာဦး) (ဒါရိုက်တာ-မောင်နှင်းမိုး)
၁၂း၅၀ ၆။ ဂုဏ်ယူဖွယ်ရာစံထားထီးဆောင်းကျေးရွာသွေးလူရှင်များ
၁၃း၀၀ ၇။ တေးဂီတအစီအစဉ်
၁၃း၁၅ ၈။ ပိုင်ကျုံရေထိန်းတံခါး
၁၃း၂၅ ၉။ အတီးပြိုင်ပွဲ
၁၃း၃၅ ၁၀။ လောကနီတိ(၃) **“အမေ့သား”** မင်းမော်ကွန်း၊ ပြေတီဦး၊ စိုးမြတ်နန္ဒာ၊ စမ်းစမ်းဝင်း (ဒါရိုက်တာ-ခင်ဇော်)
၁၄း၃၅ ၁၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
၁၄း၄၅ ၁၂။ International News
၁၅း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ သံဃာတော်အပါး ၅၀၀၀ က ချီးမြှင့်သော ပရိတ်တရားတော်
၁၆း၁၅ ၂။ ဓမ္မပူဇာတေးအစီအစဉ်
၁၆း၃၀ ၃။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅ ၆။ တေးဂီတအစီအစဉ်
၁၇း၂၅ ၇။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၇း၃၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀ ၉။ ညနေခင်းသတင်း
၁၉း၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၁။ ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ပဂိဏ္ဏကနမက္ကာရ အစိန္တေယျဘုရားရှိခိုးကြီး (ဒါရိုက်တာ-ဦးသုခ၊ မောင်နှင်းမိုး)
၁၉း၃၅ ၁၂။ ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **“ဇေယျတုသဗ္ဗမင်္ဂလံ”** (ဆရာကြီး ဦးသုခ)

ရေပက်ကစား

သင်္ကြန်အကြိုနေ့က လမ်းမတော်မြို့နယ် (၅)လမ်းထိပ်ရှိ ထွန်းရွှေဝါ မိသားစု ရေကစားမဏ္ဍပ်ကို အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် ထွန်းရွှေဝါ တိုင်းရင်းဆေးပိုင်ရှင် ဦးထွန်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရေပက်ကစားကြစဉ်။

(မြန်မာ့အလင်း)

၁၃၆၇ ခုနှစ် နှစ်သစ်မင်္ဂလာသို့ကူးပြောင်းမည့်နှစ်ဟောင်း၏နောက်ဆုံးနေ့ အေးမြကြည်လင်သန့်စင်သောအတာရေပက်ဖျန်း၍ ကြိုဆိုသူများဖြင့်စည်ကား

ရန်ကုန် ဧပြီ ၁၆

၁၃၆၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်၊ ၂၀၀၅ ခုနှစ် ဧပြီ ၁၆ ရက် (စနေနေ့)ယနေ့သည် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့၊ မဟာသင်္ကြန်အတက်နေ့ဖြစ်သည်သာမက ၁၃၆၇ ခုနှစ် နှစ်သစ်အခါသမယသို့ ကူးပြောင်းတော့မည့် နှစ်ဟောင်း၏နောက်ဆုံးနေ့ရက်လည်းဖြစ်သည်။

အတာရေပက်ဖျန်း

နှစ်သစ်ကူးပွဲတော်များကို မိမိလူမျိုး၊ မိမိဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ကျင်းပမြဲဖြစ်သည်။ မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်တွင် အတာရေပက်ဖျန်းခြင်းဖြင့် နှစ်သစ်ကူးပွဲတော်ကို ဆင်နွှဲကြသည်။

ပါဝင်ဆင်နွှဲ

တစ်ဦးကိုတစ်ဦး ကြည်လင်အေးမြစေလိုခြင်း၊ အညစ်အကြေးကင်းစင်စေလိုခြင်း၊ ညီအစ်ကိုမောင်ရင်းနှမကဲ့သို့ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိကြစေလိုခြင်း စသည့် မွန်မြတ်သောရည်ရွယ်ချက်တို့ဖြင့် အေးမြကြည်လင်သန့်စင်သောရေကိုအသုံးပြု၍ အတာရေပက်ဖျန်းကာ ပျော်ရွှင်စွာ နှစ်သစ်ကူးကြသည်။ နှစ်သစ်ကိုကြိုဆိုကြသည်။ မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် လူမျိုးဘာသာမရွေး တပျော်တပါး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ညနေပိုင်းအထိ မြို့တော်ရန်ကုန်၏ အနော်ရထာလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်း၊ ပြည်လမ်း၊ အင်းစိန်လမ်း၊ ဘုရင့်နောင်လမ်း၊ အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမ္ဘာအေးစေတီလမ်း၊ အထက်ကြည့်မြင်တိုင်လမ်း၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဗဟိုလမ်း၊ သိမ်ဖြူလမ်း၊ ကျိုက္ကဆံလမ်း၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဦးချစ်မောင်လမ်း၊ ဆရာစံလမ်း၊ ပါရမီလမ်း၊ သဃ်န်းကျွန်းလေးထောင့်ကန်လမ်း၊ ဝေဇယန္တာလမ်း၊ သံသုမာလမ်း စသည့် လမ်းအသီးသီးတွင် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများ၊ လမ်းလျှောက်ရေပက်ခံ ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

အပြန်အလှန်ရေပက်

အလားတူ ရန်ကုန်တိုင်းအတွင်းရှိ ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) စသည့် မြို့နယ်များ၏ ရပ်ကွက်များ၌လည်း အုန်းလက်များဖြင့် ရေကစားမဏ္ဍပ်ငယ်များဆောက်လုပ်၍လည်းကောင်း၊ ရေတိုင်ကီများချ၍လည်းကောင်း နှစ်သစ်ကိုကြိုဆိုလျက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရေပက်ကစားကြပြီး မဟာသင်္ကြန်အတက်နေ့ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့အတူ ကုမ္ပဏီများ၏ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၌လည်း ရေပက်ကစားကြသူများအား တေးဂီတများ၊ စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးဖျော်ဖြေကြသည်။

အပန်းဖြေအနားယူ

မဟာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲကြသူများသည် နံနက်ပိုင်းရေပက်ကစားအပြီး နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ်၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၊ အင်းလျားကန်ပေါင်တစ်လျှောက်တို့၌ မိသားစုအလိုက်၊ အုပ်စုအလိုက် ဝိုင်းဖွဲ့နားနေ စားသောက်ကြကာ အေးချမ်းစွာ အပန်းဖြေ အနားယူကြသည်။

မဟာသင်္ကြန်အတက်နေ့တွင် ဘုရား၊ စေတီပုထိုးများဖြစ်ကြသည့် ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်၊ ကျိုက်ဒေးအပ်စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မဟာဝိဇယစေတီတော်၊ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်၊ ကျိုက္ကစံဆံတော်ရှင်စေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား၊ မယ်လမုဘုရား၊ ရွှေပြည်သာ သာစုကန်စေတီ၊ မင်္ဂလာဒုံ ကျိုက္ကလော့စေတီ၊ သန်လျင် ကျိုက်ခေါက်စေတီတော်နှင့် ကျောက်တန်း ကျိုက်မှော်ဝန်းစေတီတော်တို့၌ ဘုရားဖူးရင်းဥပုသ်သီလဆောက်တည်ကြသူများလည်း အထူးများပြားပြီး ဘုန်းတော်ကြီးကျောင်းများနှင့် တရားရိပ်သာများ၌ သမထဝိပဿနာကျင့်ကြံပွားများအားထုတ်ခြင်းများဖြင့် ကုသိုလ်ကောင်းမှုပြုကြသူများကိုလည်း တွေ့ရသည်။

(သတင်းစဉ်)

နှစ်သစ်အခါမင်္ဂလာ

* နှစ်သစ်အခါ၊ မင်္ဂလာတည့်
ခါခါနှစ်ဟောင်း၊ ကျန်ခဲ့ညောင်းလည်း
ပြောင်းလဲခြင်းတိမ်၊ လောကအိမ်ဝယ်
အချိန်အခါ၊ လျင်မြန်စွာတည့်
ကာလရထား၊ မရပ်နားဘဲ
ဒို့အားသယ်ဆောင်ခဲ့ချေပြီ။

* နှစ်ဟောင်းဆီက၊ ပြုခဲ့ကြသည့်
ကိစ္စထွေပြား၊ ဖြစ်ရပ်များကို
အမှားအမှန်၊ ပိုင်းခြားဉာဏ်ဖြင့်
ဝေဖန်တွက်ဆ၊ သုံးသပ်ကြလျက်
ကိုယ်ငကိုယ်စီ၊ ရှေ့ဆက်ချီမည့်
အရှည်လျှောက်လှမ်း၊ ဘဝလမ်းကို
လှပန်း ဆင်စေချင်ပါသည်။

* အို... နှစ်သစ်အခါ၊ မင်္ဂလာမို့
နှစ်သစ်အခါ၊ အကြင်နာနှင့်
နှစ်သစ်အခါ၊ အသင်လာလော့
ရွာမှုရပ်ရေး၊ ပါဝင်တွေးလျက်
ဝေးရာမှနီး၊ ဒို့ခရီးကို
ပေါင်းစည်းလက်များ၊ ညီညွတ်အားဖြင့်
အမှားရှိလျှင်၊ ငါတို့ပြင်စို့
အမြင်ထောင့်က၊ ဖြောင့်ပါကြစို့
ဘဝအနှစ်၊ အလှစစ်ကို
ဖွေလှစ်တင့်ဆန်း၊ ဆင့်ဆင့်ကမ်းဖို့
ချစ်ပန်းဝေဆာပွင့်စေရာ။
စွမ်းနိုင်သမျှ စွမ်းဆောင်ပါ။
နှစ်သစ်အခါ မင်္ဂလာ။ ။

မြင်းမူ မောင်နိုင်မိုး

၁၃၆၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် အတက်နေ့က တက္ကသိုလ်ရိပ်သာလမ်းရှိ လိုလိန်းမိသားစုရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ အတာရေပက်ဖျန်းကစားကြစဉ်။ (မြန်မာ့အလင်း)

အတာရေ

မြန်မာ့ရိုးရာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ ကျုံးကြီးလမ်းထိပ်ရှိ (၅)လမ်းမိသားစုရေကစားမဏ္ဍပ်တွင် အေးချမ်းပျော်ရွှင်စွာ အတာရေ ပက်ဖျန်းကစားကြစဉ်။

(မြန်မာ့အလင်း)

ပျော်ရွှင်စွာ

သင်္ကြန်အကြတ်နေ့က ကမာရွတ်မြို့နယ် (၂)ရပ်ကွက် ပြည်လမ်းနှင့် မြကန်သာ(၁)လမ်းထောင့်ရှိ ရသာချို ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားကြစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၄-၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သပ္ပာယ်ဖူးမြော် ငါးထပ်ကြီးနှင့် ခြောက်ထပ်ကြီး ဆုတောင်းပြည့် ရုပ်ပွားတော်
၇း၂၀	ပြည်တွင်းသတင်း
၇း၂၅	Sunday Talk
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	နိုင်ငံတကာသတင်း
၈း၂၀	တစ်ကေပန်းတိုင် အထွက်နှုန်းတန် ၃၀ ရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး (ကြံသီးနှံ)
၈း၃၅	ရေကောင်းရေသန့်ရရှိဖို့ ကာကွယ်ထိန်းသိမ်းစို့
၈း၄၅	ဝါသနာရှင်စင်မြင့်
၉း၂၀	ပြည်တွင်းသတင်း
၉း၂၅	ဘဝနိဂုံး ပြုံးပန်းတစ်ရာ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	အမှတ်(၃) သတ္တုတွင်းလုပ်ငန်း
၉း၅၅	The Fouth MICT Week
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	နိုင်ငံတကာသတင်း
၁၀း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀	ဘိုင်းဒါးတံတား
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၀	အောင်မြေရွှေဘိုမြို့(အပိုင်း၁)
၁၁း၀၀	အပိတ်

အထက်ပါလေးနာရီစာအစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၇-၄-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၈း၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၈။	ဆရာတော်ဦးဃောသိတ တရားတော် **“သဿာဒဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိများ”**

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Methods of Finding Estimatiors. (ဒုတိယနှစ်-စီးပွားရေး)
၄း၅၀	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။	နိုင်ငံတကာသတင်း
၆း၂၀	၈။	မိုးလေဝသသတင်း
၆း၂၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၀။	လျှပ်တစ်ပြက်
၇း၀၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ငယ်ချစ်ဦး”** (အပိုင်း-၃၂)
၈း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၄။	ပဟေဠိနန်းတော်
	၁၅။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၆။	FA Cup ဘောလုံးပွဲ Newcastle United Vs Manchester United (Delay.)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်လောင်းသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၁၆

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဧပြီ၁ရက် ညဂ့နာရီက ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေး ခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်ချီးမြှင့်သည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သတ္တုတွင်းဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီး ဌာနဝန်ကြီးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဗထူးတပ်နယ်မှူးနှင့် ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆင်း အရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ဂုဏ်ပြုညစာသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ ဗထူးတပ်နယ်မှ မိသားစုများ၊ တေးသံရှင်များနှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်တောသစ်ပင်များ ဂရုပြုထိန်းသိမ်း နှစ်ရှည်သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်အောင်စိုက်ပျိုး

ရန်ကုန် ဧပြီ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၁၃ရက် နံနက်ပိုင်းက လားရှိုးမြို့ နယ်မြေခံတပ်ရင်း၏ စံပြနှစ်ရှည်ပင် ဆင်းရွှေလီပျားလိမ္မော် ၂ဒသမ၅ဧကနှင့် သီးညှပ်နေကြာမျိုးစေ့ထုတ် စိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ခင်းအတွင်း နှစ်နှစ်သားအရွယ် ပျားလိမ္မော်ပင်များ စတင်သီးပွင့်နေမှု၊ ပျားအုံများ မွေးမြူထားရှိမှု၊ သီးညှပ်နေကြာများ ဖြစ်ထွန်းအောင်မြင်မှုနှင့် သီးညှပ်ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းစစ်ဌာနချုပ်၏ မက္ကဒေးမီးယားနှင့် ကတ်တီမိုးကော်ဖီ ပျိုးဥယျာဉ်အတွင်း မက္ကဒေးမီးယား ပျိုးပင်တစ်သောင်းနှင့် ကတ်တီမိုးကော်ဖီ ပျိုးပင်ငါးသိန်းတို့ကို တိုက်ရိုက်ရေဖျန်းစနစ်ဖြင့် ပျိုးထောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေး ဗဟိုစံပြစခန်းရှိ ခေတ်မီကြက်ဥဖောက်စက်ရုံသို့ရောက်ရှိရာ မွေးမြူရေးတာဝန်ခံ ဗိုလ်မှူးခွန်မြင့်နိုင်က ဘက်စုံခြံခေတ်မီကြက်ဥဖောက်စက်မှ တပ်ရင်း၊ တပ်ဖွဲ့များ၏ မွေးမြူရေးခြံများနှင့် ဒေသအတွင်း ကြက်သားပေါက်နှင့် ဘဲသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ခေတ်မီကြက်ဥဖောက်စက်များအတွင်း ဥစားမျိုးသန့်ကြက်ဥများ စနစ်တကျ ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်း ရေလှောင်တမံအသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးလှကြီးက ဟူးမွန်ဆည်ရေသောက် လယ်မြေ ၈၄၃ဧကအတွင်း သီးထပ်စပါးများစိုက်ပျိုးထားရှိမှု၊ ဟင်းသီးဟင်းရွက်နှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် လာမည့် မိုးရာသီတွင် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ကော်ဖီ၊ မက္ကဒေးမီးယား၊ ပျားလိမ္မော်ပင်များနှင့် အခြားနှစ်ရှည်ပင်များ အကွက်ချ၍ စနစ်တကျစိုက်ပျိုးရေး၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးအောင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ရှုရပ်နေရာမှ စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ရေလှောင်တမံဆည်ဖို့နေမှုနှင့် ၂၅ပေအကျယ် ရေပိုလွှဲဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကောက်ကွေ့ချောင်း ရေလှောင်တမံမှာ လားရှိုးမြို့ မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်းကိုဖြတ်၍ တည်ဆောက်လျက်ရှိသော တမံဖြစ်ပြီး တမံအလျားပေ ၁၀၈၀၊ အကျယ် ၁၁၆ပေရှိ မြေသားတမံအမျိုးအစားဖြစ်ကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၅၂၀၀ရှိမည့် တမံဖြစ်သည်။

သောက်သုံးရေဖူလုံစွာရရှိရေး

အဆိုပါ စီမံကိန်းပြီးစီးသွားပါက လျှပ်စစ်ဓာတ်အားကီလိုဝပ် ၂၀၀ရှိသော ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး ဆည်ရေသောက် နွေ၊ မိုး၊ ဆောင်းအထွက်တိုးစပါး ဧကတစ်ထောင် သီးထပ်စိုက်ပျိုးသွားနိုင်မည်ဖြစ်ကာ လားရှိုးမြို့နေပြည်သူများအတွက် သောက်သုံးရေဖူလုံစွာ ရရှိရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နေ ပြည်သူများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည့် ပြည်ထောင်စုမြကန်သာ သဘာဝဥယျာဉ်အတွင်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က လားရှိုးမြို့သို့ ရေပေးဝေမှုအခြေအနေ၊ သဘာဝဥယျာဉ်အတွင်း အရိပ်ရ အလှပန်းပင်များ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် နှစ်ရှည်ပင်နှင့်ရာသီသီးနှံများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အောင်မြင်အောင်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက မြို့နေလူထုအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် ရေကောင်းရေသန့်များ တစ်နှစ်ပတ်လုံး ပေးဝေနိုင်အောင် စီစဉ်ဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ အထူးဂရုပြုထိန်းသိမ်းဆောင်ရွက်ရေးနှင့် နှစ်ရှည်သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်ရှေ့၌ ဝက်သစ်ချပင်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ တပျော်တပါး ပါဝင်စိုက်ပျိုးပေးပြီး သဘာဝဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့အဝင် ဝိဇယဘူမိ မဟာအောင်မြေကုန်းတော်ပေါ်၌ လိုဏ်စနစ်ဖြင့် တည်ထားကိုးကွယ်မည့် ဉာဏ်တော်အမြင့် ၁၃၅ပေရှိသည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ရှိ သာသနာ့ဗိမာန်တော်ကြီးသို့ ရောက်ရှိပြီး သာသနာ့ဗိမာန်တော်ကြီးအတွင်း ယာယီကိန်းဝပ် စံပယ်တော်မူလျက်ရှိသည့် ပတ္တမြားမျက်ရှင်တော် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော်တည်ဆောက်ရေး ကြီးကြပ်မှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က စေတီတော်ကြီးတည်ဆောက်ပြီးစီးမှု၊ အလှူငွေများရရှိမှုနှင့် လုပ်ငန်းသုံးပစ္စည်းများ ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးအောင်သိန်းကျော်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် စေတီတော်တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စက်မှုဇုန်များ ခေတ်မီစက်ကိရိယာများသုံးစွဲသည့်အဆင့်သို့ရောက်အောင် အဆင့်မြှင့်တင်ပေးလျက်ရှိ ကျွမ်းကျင်လုပ်သားနှင့် ပညာရှင်များဖြစ်လာရေး ပြုစုပျိုးထောင်ပေးရန်အရေးကြီး ယှဉ်ပြိုင်မှုဖြင့် ကုန်ထုတ်လုပ်ငန်းများ အရည်အသွေးအဆင့်အတန်းရှိရှိ ကြိုးပမ်းလုပ်ကိုင်နာမည်ကောင်းရရှိအောင် အရည်အသွေးကောင်းသည့်ပစ္စည်းများထုတ်လုပ်ရေး စီစဉ်ဆောင်ရွက်

ရန်ကုန် ဧပြီ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သံရည်ကျိုစက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ဧပြီ ၁၂ ရက်က သွားရောက်ကြည့်ရှု စစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အေးသာယာ စက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အေးသာယာစက်မှုဇုန်၌ တည်ဆောက်လျက်ရှိသည့် သံရည်ကျိုစက်ရုံစီမံကိန်းတွင် ပါဝင်သည့် အလုပ်ရုံများနှင့် အလုပ်ရုံအလိုက် တည်ဆောက်ပြီးစီးသည့် အခြေအနေများ၊ အလုပ်ရုံအလိုက် စက်ပစ္စည်းများ ရောက်ရှိမှု၊ တပ်ဆင်ပြီးစီးမှု၊ စက်အလိုက် စမ်းသပ်ဆောင်ရွက်မှု အခြေအနေများ၊ သံရည်ကျိုစက်ရုံစီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားနှင့် ရေရရှိရေးဆောင်ရွက်ချက်များ၊ စီမံကိန်းအတွက် သင်တန်းသားများ စေလွှတ် ပညာသင်ယူစေမှုများ၊ ဝန်ထမ်းခန့်ထားမှုများ၊ ကုန်ကြမ်းစုဆောင်းထားမှုများ၊ အလုပ်ရုံအလိုက် ထုတ်လုပ်သွားမည့် ပစ္စည်းများ၊ အေးသာယာစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆင့်မြှင့်တင်ပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မှာကြားရာတွင် စက်မှုဇုန်များကို ပန်းပဲဖိုအဆင့်မှ ခေတ်မီ စက်ကိရိယာများ သုံးစွဲသည့် အဆင့်သို့ ရောက်ရှိအောင် မိမိတို့အနေဖြင့် လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများ ပြုလုပ်၍ အဆင့်မြှင့်တင်ပေးလျက် ရှိကြောင်း။

ရှေးဦးစွာ အေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန် စက်မှုဇုန်သုံးဇုန်၌ ပုဂ္ဂလိကခေတ်မီသံရည်ကျိုစက်ရုံ စီမံကိန်းများ တစ်ပြိုင်တည်း ဖြစ်ပေါ်လာအောင် အားပေးထူထောင်လျက်ရှိကြောင်း။

ထို့ကြောင့် တန်းတူရည်တူ ပံ့ပိုးထူထောင်ပေးထားသည့် ခေတ်မီသံရည်ကျို စက်ရုံအချင်းချင်း ယှဉ်ပြိုင်မှုဖြင့် ကုန်ထုတ်လုပ်ငန်းများကို အရည်အသွေးအဆင့် အတန်းရှိရှိ ကြိုးပမ်းလုပ်ကိုင်သွားကြရန်လိုကြောင်း။

ပြုစုပျိုးထောင်

အထူးသဖြင့် အင်ဂျင်နီယာပညာရှင်များ၊ ကျွမ်းကျင်သူများပြည့်စုံသည့် စက်မှုဇုန်သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်ပညာရှင်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးသွားရန် အရေးကြီး ကြောင်း။

မိမိစက်မှုဇုန်က ထုတ်လုပ်သည့်ပစ္စည်းများသည် အရည်အသွေးကောင်း သည့် ပစ္စည်းများဖြစ်သည်ဟု နာမည်ကောင်းရရှိအောင် ကြိုးပမ်းစီစဉ်သွားကြရန် ဖြစ်ကြောင်း။

နောင်၌ အခြားကျန်ရှိသော စက်မှုဇုန်များကိုလည်း ဤကဲ့သို့ ခေတ်မီ စက်ကိရိယာအမျိုးအစားများတပ်ဆင်သွားနိုင်အောင် မိမိတို့ ဆက်လက်ပံ့ပိုး သွားမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Machine Shop တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်အသုံးပြုနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Ware House တည်ဆောက်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ရောက်ရှိမှုတို့ကို ကြည့်ရှု စစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Forging Shop နှင့် Foundry Shop တို့ တည်ဆောက်ပြီးစီးမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(အေးသာယာ) တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါက်တာသီသီမိုးနှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒေင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ၈၀ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည့် အစိုးရနည်းပညာကောလိပ်(အေးသာယာ)နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက လိုအပ်သည်များကို မှာကြားပြီး အစိုးရနည်းပညာကောလိပ် (အေးသာယာ) အဆောက်အအုံ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အရည်အသွေး အဆင့်အတန်းရှိရှိ ကြိုးပမ်းလုပ်ကိုင်

အေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန် စက်မှုဇုန် သုံးဇုန်၌ ပုဂ္ဂလိက ခေတ်မီ သံရည်ကျိုစက်ရုံ စီမံကိန်းများ တစ်ပြိုင်တည်း ဖြစ်ပေါ်လာအောင် အားပေးထူထောင်လျက်ရှိ၊ တန်းတူရည်တူ ပံ့ပိုးထူထောင် ပေးထားသည့် ခေတ်မီသံရည်ကျို စက်ရုံအချင်းချင်းယှဉ်ပြိုင်မှုဖြင့် ကုန်ထုတ် လုပ်ငန်းများကို အရည်အသွေး အဆင့်အတန်းရှိရှိ ကြိုးပမ်းလုပ်ကိုင်၊ နောင်၌ အခြားကျန်ရှိသော စက်မှုဇုန်များကိုလည်း ဤကဲ့သို့ ခေတ်မီစက်ကိရိယာ အမျိုးအစားများ တပ်ဆင်သွားနိုင်အောင် ဆက်လက်ပံ့ပိုးသွားမည်။

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၁၆

လားရှိုးဂေါက်ကွင်းတွင် ဧပြီ၁၂ ရက် နံနက်ပိုင်းရာရီက ဦးစိုင်းချစ်အေး သည် ကျင်းအမှတ်(၁၅)၌ EV-02 အမျိုးအစားဘောလုံးကို Ding-v-53 အမျိုးအစား သံတုတ်နံပါတ်(၈) ဖြင့်ရိုက်လိုက်ရာ ၁၇၄ကိုက်အကွာ အဝေးရှိ ကျင်းထဲသို့ တစ်ချက်တည်း ဖြင့် ကျင်းဝင်သွားခဲ့သည်။ ယင်း အချိန်တွင် ကစားဖော်များအဖြစ် ဗိုလ်ကြီးလှမင်း(ငြိမ်း)၊ ဦးအောင်ဇင် (ရှေ့နေ)၊ ဦးစိုင်းထွန်းအောင်နှင့် ဘိုဘိုတို့ အတူရှိနေကြကြောင်း သိရ သည်။ **(က-ပ)**

မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီနှင့် ငွေတာရီမဂ္ဂဇင်း အကောင်းဆုံး စာမူဆုရရှိသူများအား ဆုချီးမြှင့်မည်

ရန်ကုန် ဧပြီ ၁၆

၂၀၀၄ခုနှစ်အတွက် မြဝတီရောင်စုံ ဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ မဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး စာမူဆု ရရှိသူများ အမည်စာရင်းကို ၂၀၀၅ခုနှစ် မတ် ၁၇ရက်ထုတ် နေ့စဉ် သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဧပြီ၁၉ရက် ညနေ ၆နာရီတွင် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မှော်ဘီ၌ ကျင်းပသွားမည်ဖြစ်သဖြင့် ဆုရရှိသူများအနေဖြင့် ဧပြီ ၁၈ရက် (တနင်္လာနေ့) ညနေ၆နာရီ နောက်ဆုံးထား၍ မြဝတီစာပေတိုက်ရုံးခွဲ အမှတ်(၁၈၁) ၃၂လမ်း ပန်းဘဲတန်း မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၂၆၇၄နှင့် ၆၄၂၂၀၃ တို့သို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆော
ယင်းအင်အားသုံးရပ် တညီတညွတ်တည်းစုစည်းအားထုတ်လျှင် မည်သည့်အခက်အခဲမ

✻ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ဧပြီ ၁၄ ရက်တွင် ရန်ကုန်မြို့မှ ရောက်ရှိလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းက ပဏာမအမှာစကားပြောကြားရာ၌ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖြစ်ထွန်းလာရေး ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် မိမိတို့တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်လာအောင် တည်ဆောက်လျက်ရှိကြောင်း။

ယုံကြည်ချက်၊ ခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးဖြစ်သော မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တပ်တည်ဆောက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတို့တွင် အင်တိုက်အားတိုက် ပါဝင်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗန္ဓုလခန်းမသို့ ရောက်ရှိလာသည်။

ဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗန္ဓုလခန်းမသို့ ရောက်ရှိမလာမီ

နိုင်ငံတော်တည်ငြိမ် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အင်အားတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေးတို့သည် တစ်ခုနှင့်တစ်ခု ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆက်စပ်အထောက်အကူပြုနေကြောင်း။

အင်တိုက်အားတိုက်ပါဝင်

သို့ဖြစ်၍ နိုင်ငံတော်ကို ကာကွယ်နိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ကို တည်ဆောက်နိုင်မှသာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်မည်ဟု ခံယူကြိုးစားသွားကြရန် မှာကြားပြီး အမျိုးသားရေး

တာဝန်အရှိဆုံး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကားပြောကြားရာ၌ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ခိုင်မြဲရေးအတွက် တာဝန်ယူ ဦးဆောင် ဆောင်ရွက်နေသည်ဖြစ်ရာ နိုင်ငံတော်အတွက် တာဝန်အရှိဆုံး အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ နယ်မြေဒေသအားလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေး ဦးတည်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု စီမံကိန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ကို ပေါင်းစည်းပြီး လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး နယ်ပယ်ကဏ္ဍစုံ၌ တိုးတက်ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်လာအောင် တည်ဆောက်

- ❑ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖြစ်ထွန်းလာရေး ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်၊
- ❑ တစ်ချိန်တည်းမှာပင် မိမိတို့တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းဆောင်ရည် ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်လာအောင် တည်ဆောက်လျက်ရှိ၊
- ❑ နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အင်အား တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေးတို့သည် တစ်ခုနှင့် တစ်ခု ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆက်စပ်အထောက်အကူပြုနေ၊
- ❑ နိုင်ငံတော်ကို ကာကွယ်နိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းဆောင်ရည် ထက်မြက်သည့် ခေတ်မီတပ်မတော်ကို တည်ဆောက်နိုင်မှသာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက် နိုင်မည်ဟုခံယူ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ရခိုင်ပြည်နယ် စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများနှင့် တွေ့ဆုံပွဲတွင် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

...မ်းဆောင်ပေးနိုင်သော အဓိကအင်အားသုံးရပ်ပင်ဖြစ် ...က်အခဲမဆိုလွန်မြောက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်

စုစည်းအားထုတ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ပေးနိုင်သည့် အဓိကအင်အား သုံးရပ်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ပင် ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးတွင် ယင်းအင်အားသုံးရပ် တညီတညွတ်တည်း စုစည်းအားထုတ်ပါမှ မည်သည့်အခက်အခဲကိုမဆို ကျော်လွှားလွန်မြောက်နိုင်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းတင်ပြရာတွင် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၏ ရှင်းလင်းတင်ပြချက်များအရ ရခိုင်ပြည်နယ်အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အခြားသော ပြည်နယ်၊ တိုင်းများနည်းတူ ကြိုးကြိုးစားစား အကောင်အထည်ဖော်ဆောင်ရွက်လျက် အောင်မြင်မှုရရှိနေသည်ကို တွေ့ရကြောင်း၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ကြိုးပမ်းဖော်ဆောင်သွားရန် နိုင်ငံ့အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရခိုင်ပြည်နယ် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ထို့ကြောင့် တတိယငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၀၃- ၂၀၀၄ဘဏ္ဍာနှစ်တွင် အခြေခံနှစ်နှင့်နှိုင်းစာပါက နိုင်ငံတော်၏စီးပွားရေးသည် ၁၃ဒသမ ၄ ဆ တိုးတက်ခဲ့သည်ကို တွေ့ရကြောင်း။

မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ

ဤကိန်းဂဏန်းများသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို စာရင်းဇယားများ၊ ကိန်းဂဏန်းများအရ အခိုင်အမာ တွေ့မြင်ရခြင်းဖြစ်ပြီး မျက်မြင်ဒိဋ္ဌ အခြေအနေတွင်လည်း နိုင်ငံတော်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ (Infra Structure)များကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဆည်မြောင်းတာတမံများအနေဖြင့် မိမိတို့တပ်မတော်အစိုးရလက်ထက်တွင် ၁၇၂ခုအထိ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပြီး လယ်မြေဧက ၂၂၉၄၅၆၉ ဧကကို အကျိုးပြုနေပြီဖြစ်ကြောင်း၊ ဆက်လက်တည်ဆောက်ဆဲ ဆည်ပေါင်း ၃၅ခု ရှိသေးကြောင်း။

ဆောင်ရွက်လျက်ရှိရာတွင် ဗဟိုအဆင့်၌ မိမိတို့က တာဝန်ယူစီမံဆောင်ရွက်နေသကဲ့သို့ ဒေသအဆင့်တွင်လည်း တိုင်းမှူးများက မိမိတို့ကိုယ်စား တာဝန်ယူစီမံဆောင်ရွက်လျက်ရှိကြောင်း။

စည်းစည်းလုံးလုံးဆောင်ရွက်

သို့ဖြစ်၍ တိုင်းမှူး၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးစိတ်တူသဘောတူ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး တပ်မတော်၏ ပင်မတာဝန်များနှင့်အညီ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို စောင့်ထိန်း ကာကွယ်ရင်း ပြည်သူလူထု၏ အကျိုးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တပ်မတော်သားများ အနေဖြင့် တပ်မတော်သားတစ်ဦး၏ တာဝန်ကို ကျေပွန်ရသလို နိုင်ငံသားကောင်း တစ်ယောက်၏ တာဝန်ကိုလည်း ကျေပွန်ရမည်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တက်ရောက်လာကြသော အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တွေတပ်နယ် အစည်းအဝေးခန်းမသို့သွားရောက်ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများနှင့် တွေ့ဆုံသည်။

တက်ရောက်ကြ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ရခိုင်ပြည်နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ မြေအသုံးချမှု၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် အဓိကသီးနှံစိုက်ပျိုးမှုအခြေအနေ၊ မိုးစပါးသီးနှံစိုက်ပျိုးမှုအတွက် မြေဧရိယာတိုးချဲ့မှုအခြေအနေ၊ မိုးစပါးသီးနှံနှင့် ဧရတ်ကောင်းတိုးချဲ့စိုက်ပျိုးနိုင်မှုအခြေအနေ၊ ရော်ဘာတိုးချဲ့စိုက်ပျိုးမည့်လျာထားချက်၊ ပုစွန်တိုးချဲ့မွေးမြူမှုအခြေအနေ၊ ရေထွက်ပစ္စည်း ပြည်ပသို့တင်ပို့နိုင်မှုအခြေအနေ၊ သစ်တောအမျိုးအစား၊ လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေး

တိုးတက်ထုတ်လုပ်

ရခိုင်ပြည်နယ်၏ ဒေသဝမ်းစာဖူလုံမှုသည် ၁၄၀ရာခိုင်နှုန်းကျော်သည်ဟု သိရကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း ရခိုင်ပြည်နယ်အနေဖြင့် ဆန်စပါး တိုးတက်ထုတ်လုပ်ရန် မှာကြားထားကြောင်း။

ရခိုင်ပြည်နယ်၏ သီးနှံစိုက်စွမ်းအားမှာ ၁၄၀ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံး၏ သီးနှံစိုက်စွမ်းအားမှာ ၁၅၄ ရာခိုင်နှုန်းဖြစ်သဖြင့် ရခိုင်ပြည်နယ်အနေဖြင့် ဆက်လက်မြှင့်တင်ဆောင်ရွက်ရန် လိုကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရခိုင်ပြည်နယ် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တစ်နိုင်ငံလုံး၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို နှိုင်းယှဉ်သုံးသပ်လိုကြောင်း။

နှစ်စဉ်တိုးတက်ခဲ့

နိုင်ငံတော်အနေဖြင့် နှစ်တိုနှစ်ရှည် စီးပွားရေးစီမံကိန်းများချမှတ်ပြီး စနစ်တကျကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် နှစ်စဉ် မှန်မှန်တိုးတက်ခဲ့ရာ တတိယငါးနှစ်စီမံကိန်းကာလတွင် ၂၀၀၁-၂၀၀၂ခုနှစ်မှစ၍ နှစ်စဉ် ၁၁ဒသမ၃ရာခိုင်နှုန်း၊ ၁၂ဒသမ၀ရာခိုင်နှုန်း၊ ၁၃ဒသမ၈ရာခိုင်နှုန်းနှင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၁၂ဒသမ ၆ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပြီး ၂၀၀၄-၂၀၀၅ခုနှစ်ရှိ တစ်ဦးချင်းဝင်ငွေမှာ ၁၆၅၇၂၉ကျပ်အထိ တိုးတက်ခဲ့သည်ကိုတွေ့ရကြောင်း။

မြစ်ရေတင်စီမံကိန်းအနေဖြင့် ၂၇၁ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်ပြီး ၃၄ခု ဆက်လက်တည်ဆောက်ဆဲဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မိမိတို့တပ်မတော်အစိုးရလက်ထက်၌ ပေ ၁၈၀အထက် တံတားကြီးပေါင်း ၁၉၆စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ပြီး တံတားကြီး၄၁စင်း ဆက်လက်တည်ဆောက်ဆဲဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးကဏ္ဍတွင်လည်း ရထားလမ်းခရီးမိုင် ၁၀၆၆ မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

နှစ်ကူးသင်္ကြန်

ဦးကျော်စိန် (မွေး/ရေ)

ကမ္ဘာပေါ်တွင် လူမျိုးအလိုက်၊ ဘာသာအလိုက် ကိုယ့်စရိုက်၊ ကိုယ့်ဘာသာနှင့်"နှစ်"များကို ရေတွက်သည့် အစဉ်အလာသည် လူ့ယဉ်ကျေးမှု ထွန်းကားသည့် အချိန်မှစ၍ ရှိလာခဲ့သည်။ "နှစ်"ဟူသည့် အပိုင်းအခြားကို သတ်မှတ်သည့် အစဉ်အလာရှိချိန်မှစ၍ "နှစ်ကူး"သည်ဟူသော ဝေါဟာရ ဖြစ်ပေါ်လာ၏။ အဟောင်းမှ အသစ်သို့ ပြောင်းခြင်းကား နှစ်လိုဖွယ်ရာဖြစ်သည်။ ထို့ကြောင့် နှစ်သစ်ကူးပြောင်းခြင်းကို "မင်္ဂလာ"ဟု အများက လက်ခံကြ၏။ ယင်းကဲ့သို့ မင်္ဂလာရှိသော "နှစ်ကူး"မှုကို သတ်မှတ်ကြိုဆိုပုံ၊ ကျင်းပပုံခြင်းကား လူတစ်မျိုးနှင့်တစ်မျိုး မတူကြချေ။ အချို့က ဧပြီလထဲတွင် "နှစ်ကူး"၍၊ အချို့က ဇန်နဝါရီလတွင်"နှစ်ကူး"သည်။ ကြိုဆိုကျင်းပနည်းလည်း ရိုးရာဓလေ့ထုံးစံအလိုက် ကွဲပြားကြသည်။

အချို့သူတို့၏ "နှစ်ကူး"ပွဲတွင် ရေကစား၍ အချို့က မီးထွန်းကြသည်။ အချို့က ကခုန်ကြ၍ အချို့က ဘုရားရှိခိုး ဆုတောင်းပြုကြသည်။ အချို့ကမူ မီးအိုးမီးပန်းများ ပစ်ဖောက်ကြသည်။ မည်သို့ပင်ဖြစ်စေ "နှစ်ကူးသည့် အချိန်တွင် နှစ်ဟောင်းမှ အညစ်အကြေးတို့ကို ဆေးကြောပယ်ဖျက်လိုခြင်း၊ နှစ်သစ်ကို ဝမ်းပန်းတသာ ခင်းကျင်းကြိုဆိုခြင်း၊ တစ်နှစ်ကုန်၍ အသက်, ဝါစသည့် ကြီးရင့်လာသည်ကို အသိအမှတ်ပြုသည့် လက္ခဏာဖြင့် သက်ကြီးဝါကြီး မိဘ ဘိုးဘွားတို့အား ပူဇော်ဂါရဝပြုခြင်း၊ ဘာသာဓလေ့များအရ စိတ်ကောင်းမွေး၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းတို့ကား တစ်သဘောတည်းနှင်နှင် ဖြစ်ကြပေသည်။

နှစ်ဟောင်းလွန်၍ နှစ်သစ်ကူးသည့် ပထမနေ့ကို "နှစ်ဆန်းတစ်ရက်နေ့"ဟု ခေါ်ကြ၏။ အချို့ကလည်း နှစ်ဟောင်းမှ နှစ်သစ်ကူးပြောင်းသည့်နေ့ ဖြစ်သဖြင့် "နှစ်သစ်ကူးနေ့"ဟု ခေါ်ကြသည်။ ယင်းနေ့ကို "မင်္ဂလာ" ရှိသော နေ့ထူးနေ့မြတ်အဖြစ် နိုင်ငံတိုင်း၌ ကိုယ့်ဓလေ့နှင့်ကိုယ် ကျင်းပကြကာ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ပင် ထားကြ၏။ "နှစ်ဆန်းတစ်ရက်နေ့"တွင် ရရှိသော ငွေကြေးကို အမှတ်တရသိမ်းခြင်း၊ ငွေကုန်ကြေးကျ မများအောင် ထိန်းသိမ်းခြင်းများပြုသည့် ဓလေ့ မြန်မာတို့၌ ရှိသည်။ မြန်မာတို့၏ "နှစ်ဆန်းတစ်ရက်နေ့"သည် ဧပြီလ ၁၆ရက်၊ သို့မဟုတ် ၁၇ရက်ခန့်တွင် ကျရောက်တတ်သည်။ ပြက္ခဒိန်တော်ဆက်အဖွဲ့က မည်သည့်နေ့၊ မည်သည့်အချိန်တွင် နှစ်သစ်ကူးမည်ကို တွက်ချက်သတ်မှတ်ရသည်။

နှစ်ကူးချိန်သည် လူတစ်မျိုးနှင့်တစ်မျိုးမတူကြသကဲ့သို့ပင် နှစ်ကူးပွဲတော် ကျင်းပပုံချင်းလည်း မတူကြချေ။ မြန်မာလူမျိုးတို့၏ နှစ်ကူးပွဲကို "သင်္ကြန်"ဟု ခေါ်သည်။ သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိပုဒ်မှ လာသည်။ သက္ကတ ရရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကားဖြစ်ပေါ်လာခြင်းဖြစ်၏။ "နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည်" ဟူသော အနက်အဓိပ္ပာယ်ရသည်။ **နှစ်သစ်ကိုကြိုဆိုသည့် သဘောဖြင့် မြန်မာလူမျိုးတို့သည် ရေပက်ကစားကြသည်။ လာမည့်နှစ်သစ်တွင် အညစ်အကြေး ဘေးဘယာများ ကင်းစင်၍ ကြည်လင်အေးမြစေရန် ရည်သန်သည့် သဘောဖြစ်၏။ လူကြီးမိဘဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ အိမ်တွင်းအိမ်ပြင်ရှိ အညစ်အကြေး အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ဦးခေါင်းဆေးလျှော်ခြင်း၊ စေတီပုထိုး ကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီတင်း ဆောက်တည်ကာ ဒါနပြုခြင်း၊ ဘုရားပုထိုး ရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်းများ ပြုလုပ်ကြသည်။**

မြန်မာလူမျိုးတို့၏ ကျင်းပမြဲဖြစ်သော ၁၂ရာသီပွဲတော်များတွင်"သင်္ကြန် ရေသဘင်ပွဲတော်"သည် အလွန်ကြီးကျယ်စည်ကားသော ပွဲတော်တစ်ခုဖြစ်သည်။ မြန်မာတို့သည် သင်္ကြန်ချိန်၌ နတ်ပြည်မှ သိကြားမင်း လူ့ပြည်သို့ ခေတ္တဆင်းသက်လာသည်ဟု ယုံကြည်ကြ၏။ သင်္ကြန်ကျချိန်– တက်ချိန် ဖြစ်လာပုံ အချက်အလက်များကို သိရှိလိုပါမူ သူရိယသိဒ္ဓန္တကျမ်း၊ သံဒိဌကျမ်းစသော ဇေဒင်တွက်ရိုးကျမ်းများကို လေ့လာရန် လိုပေသည်။ မြန်မာဘုရင်များ လက်ထက်ကတည်းက ဇေဒင်ပညာရှိ ပုဏ္ဏားတို့သည် သင်္ကြန်တွက်ရိုးကျမ်း၊ ဝေဒင်္ဂကျမ်း၊ အသီတိခတ်ကျမ်း စသည်တို့ဖြင့် မဟာသင်္ကြန်စာများ ထုတ်ခဲ့ကြ၏။

အတာသင်္ကြန်တစ်ကြိမ်မှ နောက်တစ်ကြိမ်ကာလသည် "တစ်နှစ်" အပိုင်းအခြားကာလဖြစ်၏။ စကြဝဠာအတွင်းရှိ ဂြိုဟ်နက္ခတ်တာရာများတွင် အပါအဝင်ဖြစ်သည့်ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးသည် သူရိယနေမင်းကို ဗဟိုပြု၍ လှည့်လည်သွားသည့်အခါ တစ်ပတ်မြောက်ကာလသည် တစ်နှစ်အပိုင်းအခြားကာလ ဖြစ်သည်။ ယင်းကာလ အပိုင်းအခြားသည် ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ဖြစ်၏။ ယင်းကဲ့သို့ လှည့်လည်ရာ"နေသွားလမ်း စက်ဝိုင်းတွင် ရာသီ ၁၂ ပိုင်း ပိုင်းခြား၍ ပထမရာသီအစ သုညအံသာသည် အဿဝဏီနက္ခတ်နှင့် တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ်ယှဉ်သည့် အချိန်တွင် အတာသင်္ကြန်ကျ၍ ရဝိမဇ္ဈဂြိုဟ်ယှဉ်သည့် အချိန်တွင် အတာသင်္ကြန်တက်၏" ဟူ၍ သင်္ကြန်တွက်ရိုးကျမ်းတို့တွင် ဖော်ပြထားသည်။

လူမျိုးတိုင်းတွင် ရိုးရာယဉ်ကျေးမှု ထုံးဓလေ့များရှိသည်။ ရှေးမြန်မာလူကြီး သူမတို့သည် ရိုးရာယဉ်ကျေးမှု ထုံးဓလေ့များ မတိမ်ကော မပပျောက်စေရန် လက်ဆင့်ကမ်းအမွေပေးခဲ့ကြ၏။ မြန်မာတို့တွင် အမျိုးသားယဉ်ကျေးမှု ရိုးရာဓလေ့ အစဉ်အလာကောင်းများ ရှိခဲ့ပေသည်။

သို့ပါ၍ မြန်မာ့ရိုးရာဓလေ့အစဉ်အလာကောင်းများကို ဆက်ခံကျင့်သုံးပြီး နှစ်သစ်မင်္ဂလာအခါကာလတွင်–

၁။ ကမ္ဘာသူ၊ ကမ္ဘာသားများ အနိဋ္ဌာရုံတွေ ပပျောက်ပြီး ဣဋ္ဌာရုံအပေါင်းနှင့် ပြည့်စုံကြပါစေ။

၂။ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကြပါစေ။

၃။ မကောင်းသောစိတ်ဓာတ်များကို ဖယ်ရှားပြီး ကောင်းသောစိတ်ဓာတ်များကို မွေးမြူနိုင်ကြပါစေ။

၄။ အရှက်နှင့်အကြောက် လောကပါလတရားနှစ်ပါး ထွန်းကားကြပါစေ။

၅။ ဗြဟ္မဝိဟာရတရားလေးပါး ထွန်းကားပြန့်ပွားပါစေ။

၆။ မင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွားပါစေ။

ဟူ၍ စိတ်ဆန္ဒပြုကြပါရန် နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

နှစ်သစ်ကိုကြိုဆိုသည့် သဘောဖြင့် မြန်မာလူမျိုးတို့သည် ရေပက်ကစားကြသည်။ လာမည့်နှစ်သစ်တွင် အညစ်အကြေး ဘေးဘယာများ ကင်းစင်၍ ကြည်လင်အေးမြစေရန် ရည်သန်သည့်သဘော ဖြစ်၏။ လူကြီးမိဘဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ အိမ်တွင်း အိမ်ပြင်ရှိ အညစ်အကြေး အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ဦးခေါင်းဆေးလျှော်ခြင်း၊ စေတီပုထိုး ကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီတင်း ဆောက်တည်ကာ ဒါနပြုခြင်း၊ ဘုရားပုထိုး ရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်းများ ပြုလုပ်ကြသည်။

နှစ်ဟောင်းမှ အညစ်အကြေး ကင်းစင်ဝေး

ဒဂုန်ဝတ်မှုန်

ဖက်ဆွတ်မိုးသည် ဖက်ကို ဆွတ်ခြွေပစ်သော မိုး၊ မြေထက်သို့ လျော့သက်၍ ကျနေသော ဖက်ရွက်ခြောက်များကို ရေလုံးဖြင့် ရိုက်ခတ်ခြွေဆွတ်၍ ရေထဲ မျှောလိုက်သော မိုးဟု ဆိုလိုသည်။ ဖက် – သနပ်ဖက်၊ အင်ဖက်၊ ပြောင်းဖူးဖက်၊ ငှက်ပျောဖက်စသော ဖက်အမျိုးမျိုး ဆွတ်ခူးသည်၊ ကြွေအောင်ပြုသည်၊ ခြွေသည်၊ ဆွတ်ခူးသည်။ ခူးဆွတ်သည်၊ ဆွတ်ချူသည်၊ မိုး – ရွာသွန်းသောမိုး။

ရော်ရင့် ရွက်ဝါတို့သည် ဤသည့် တန်ခူးလအခါတွင် နွေရတု၏ ခြွေမှုကြောင့် သစ်ပင်ထက်မှ မြေသို့ လျော့သက်ကြွေကျလာကြသည်။ထိုအခါ သစ်ပင်တို့၏ အောက်၌ ရွက်ခြောက်တို့သည် အမှိုက်ဖြစ်၍ စုပုံတည်နေကြသည်။

ထိုရွက်ခြောက်တို့သည် တပေါင်း၊ တန်ခူး၏ လေရူး တိုက်ခတ်မှု လွင့်မှုကြောင့် မြေပြင်အနှံ့ ပျံ့ကာ အမှိုက်နှင့် တင်းကျမ်းဖြစ်လာသည်။ ထိုအခါ သန့်ရှင်းသော မြေအပြင်၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော မြေပြင်အလုံးမှာ အမှိုက်ဖြင့်ဖုံးကာ အမှိုက်ပုံကြီးသဖွယ် ဖြစ်လာသည်။ ဤတန်ခူးလသည် သက္ကရာဇ် ဦးခေါင်း ကူးပြောင်းသော လဖြစ်ရာ နှစ်ဟောင်းမှ ဖြစ်ခဲ့သော အညစ်အကြေးသည် နှစ်သစ်သို့ လိုက်ပါမလာရန် ကြိုးစားပြုပြင်နေရမှာ ဖြစ်သည်။

ဖက်ဆွတ်ခိုင် ဝေဖူးလို့
လေရူးက လာပြီ
ရွှေခူးလ ရာသီမှာ အခါမီကရို့။
မောင်ဖျားနှင့် နေနတ်နွယ်ငယ်
ရေသပ္ပာယ်သွားကြချေစို့။
အခါလိုက် ပန်းရွှေဖီကို နန်းဒေဝီဆင်လို့
ပန်းစေတီ ရင်ပြင်ကြို့ရအောင်
သဇင်မို့ မွေ့ရာ
တူနှစ်ကိုယ် ယုံကြည်ကြတာဖြင့်
စုံညီပ ခင်းစို့မာလာ။
ပန်းရွှေပွင့် ဖဲပဝါ ရဲဗလာရာကျနှင့်
ခါသမယ သင်္ကြန်ဆီ လှမ်းစို့ကြည်ကြည်
စမ်းစီးတဲ့ နွေရာသီမှာ ရွှေရာသီဆွတ်ဖျန်းစို့လေး။

(ဦးသန့်စင် တေးထပ်)

လောကီ လူသားတို့အနေဖြင့် နှစ်ဟောင်းမှ စွန်းတင် ပေကျံလာခဲ့သော ဒုစရိုက်မှု အပြစ်အညစ်အကြေးများကို အနာဂတ် နှစ်ဆန်းသို့ မပါလာစေရန်အတွက် သင်္ကြန် အတွင်း အခါကြီး ရက်ကြီးတွင် ဥပုသ်သီလ သီတင်း ဆောက်တည်ခြင်းပြုလုပ်ကြသည်။ သည့်မျှမက တတ်နိုင်သမျှ အလှူဒါန ပြုလုပ်ကြသည်။ တစ်နှစ်အတွင်း စွန်းထင်းခဲ့သော အပြစ်များ ရှင်းလင်းပပျောက်ပါစေတော့ဟု ကုသိုလ်ကောင်းမှု ရေစင်ရေအေးဖြင့် အညစ်အကြေးများကို ဆေးကြော သုတ်သင်လေ့ရှိကြသည်။ အစဉ်အလာကောင်းကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်သင့်ကြပါသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် အထက်တန်းကျသော၊ ယဉ်ကျေးပျူငှာသော ပျော်ရွှင်ဖွယ်ရာများကို တွေ့မြင်လိုက်ရလျှင် မည်သူမဆို ကြည်နူးချမ်းမြေ့ကြမည်ပင်ဖြစ်၏။ ထို့ပြင်မြန်မာလူမျိုးများသည် ထေရဝါဒ ဗုဒ္ဓသာသနာကိုခံယူစောင့်ထိန်းခဲ့ကြသည်။ ခြသေ့ဆီသည် အဖိုး အနဂ္ဃထိုက်တန်သော သိင်္ဂိနိက္ခရွှေခွက်၌သာ အရှည်အကြာတည်ပေသည်။

ရှေးလူကြီးများသည် တစ်နှစ်တစ်ခါကောင်းသော အစဉ်အလာ ပွဲတော်မဟာဖြင့် နှစ်သစ်ကိုကြိုဆိုမြဲဖြစ်သည်။ ကြိုဆိုပုံမှာဖော်ရွေ၏၊ ပျူငှာ၏၊ ယဉ်ကျေးသိမ်မွေ့၏။ မြန်မာနိုင်ငံတွင်မက ကမ္ဘာတွင်ထင်ရှားသောပွဲတော် တစ်ခုဖြစ်သည်။ နွေရာသီတွင်မြန်မာနှစ်သစ်ကူးချိန်ခါ ကျရောက်သဖြင့် သင်္ကြန်ပွဲတော်ရောက်လျှင် တစ်နိုင်ငံလုံးရေကစားကြသည်။ မဟာသင်္ကြန် အခါသမယတွင် လူအများ လန်းဆန်းတက်ကြွလေ့ ရှိသည်။

တန်ခူး၊တာကူး နှစ်မည်တွင်သောလတွင် ပိတောက် ပန်းပွင့်သည်။ မိဿရာသီဖြစ်သည်။ စိတြနက္ခတ်နှင့် ယှဉ်သည်။ ကံ့ကော်၊ရင်ခတ်၊ သရဖီပန်းလည်း ပွင့်တတ်သည်။ နေ့နာရီ၃၀၊ညဉ့်နာရီ၃၀ဖြစ်သည်။ ရက်ရာဇာကား ပူးနှင့် ကျား၊ ပြဿဒါးသည်ကား ကြွက်၊နဂါးဖြစ်သည်။ သုံးဖဝါးမွန်းတည့်သောလ ဖြစ်ပါသည်။ အနောက်ဘက် နဂါးလှည့်သည်။ သင်္ကြန်ပွဲတော် နှစ်သစ်ကူးပွဲတော် ဖြစ်သည်။

တန်ခူးလနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ အချက်တွေ များစွာပါဝင်သော လေးချိုးကဗျာဖြင့် စာရေးဆရာကြီး ဦးကြော့က ဤသို့ မှတ်တမ်းတင်ထားခဲ့ပေသည်။

လတန်ခူးပေမို့ အလှထူးပါဘိ
မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ
တကယ်တမ်းသာဖြင့်
ဘယ်ပန်းစံမတူဘူး
နန္ဒမူ ဖန်ဂူထိပ်မှာလ
ပစ္စေကာ ချွေးတော်သိပ်ရတယ်
အေးရိပ်ဆာယာ။
တစ်နှစ်တွင် သည်တစ်လပေပ
တစ်လတွင် တစ်ရက်တည်း
ခက်ခဲတဲ့ ရက်ဗုဒ္ဓါ
ပွင့်ရှာကြ စုံမြိုင်တွင်း။
မြူမင်းလွင်ထန် ကြူသင်းတာချိန်ယံမှာတော့
ရွှေဝတ်ဆံ ငုံတံညှောက်ကယ်နဲ့
ခါသင်္ကြန် ဂိမှာန် ရောက်ပြန်တော့
သိရ်သရေ ထိန်ဝေလို့ တောက်တဲ့ပြင်
လမ်းတစ်လျှောက်သင်းပါဘိ
ဆန်းသလောက် မလင်းနိုင်ဘူး
ပန်းပိတောက်မင်း။ ။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် အထက်တန်းကျသော၊ ယဉ်ကျေးပျူငှာသော ပျော်ရွှင်ဖွယ်ရာများကို တွေ့မြင်လိုက်ရလျှင် မည်သူမဆို ကြည်နူးချမ်းမြေ့ကြမည်ပင်ဖြစ်၏။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၅၆၀၈)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန် ရေသဘင်ပွဲ အေးချမ်းပျော်ရွှင်စွာ အတာရေပက်ဖျန်း၍ ပါဝင်ဆင်နွှဲ

၁၃၆၇ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြတ်နေ့က သိမ်ဖြူလမ်းရှိ ရေကစားမဏ္ဍပ်တစ်ခုတွင် အတာရေသဘင်ပွဲကို အစဉ်အလာမပျက် ဤသို့ပက်ဖျန်းကစားကြသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့မူဟန်၊ မြန်မာ့ယဉ်ကျေးမှု အနှစ်သာရများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသော ရည်ရွယ်ချက်အပါအဝင် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်ယိမ်း အကဖြင့် ပြည်သူများအား ဤသို့ ကပြဖျော်ဖြေခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)



၁၃၆၇ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြတ်နေ့က တက္ကသိုလ်ရိပ်သာလမ်း တစ်လျှောက်တွင် ရေပက်ခံထွက်သူနှင့် ရေပက်ကစားကြသူများ စိတ်ရွှင်လန်းချမ်းမြေ့စွာ အတာရေသဘင်ပွဲ ကို ဤသို့ တပျော်တပါး ဆင်နွှဲကြသည်။ ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

၁၃၆၇ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်ချစ်သူလေးများ သင်္ကြန်ယိမ်းအကဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ဤသို့ ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲ

၁၃၆၇ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ဆရာစံလမ်းတစ်လျှောက် ကျင်းပလျက်ရှိရာ တစ်နှစ်တာ ပင်ပန်းနွမ်းနယ်မှုများကို အတာရေပက်ဖျန်း၍ ဤသို့ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရခိုင်ပြည်နယ်သည် အဖိုးတန်ရေမြေသယံဇာတနှင့်သစ်တောသယံဇာတများပေါများကြွယ်ဝစွာရှိထား ဒေသခံနှင့်ဝန်ထမ်းများ၏ ကြံစည်အားထုတ်မှု ပေါင်းစပ်လိုက်လျှင် အကျိုးဖြစ်ထွန်းမည့်ဒေသဖြစ်

စာမျက်နှာ ၉ မှ

ပညာရေးကဏ္ဍတွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရန်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ တိုးတက်တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ယနေ့အချိန်အခါတွင် တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၀၅၂၁ ကျောင်း တည်ရှိနေပြီဖြစ်ပြီး တက္ကသိုလ်နှင့်ကောလိပ်များအနေဖြင့်လည်း ယခင်က ၃၂ခုသာရှိခဲ့ရာက ယနေ့၁၅၆ခုအထိ တိုးတက်ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အလားတူပင် ကျန်းမာရေးကဏ္ဍ၌လည်း ယခင်က ဆေးရုံ၆၃၁ရုံသာရှိခဲ့ရာက ယခု ၈၁၉ရုံ၊ ကျန်းမာရေးဌာနအနေဖြင့် ယခင်က ၁၃၃၇ခုသာရှိရာက ယခု ၁၄၅၀ရှိလာခဲ့ပြီဖြစ်ကြောင်း။

တိုးမြှင့်တည်ဆောက်သွားရန်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မျက်မြင်အားဖြင့်မည်မျှတိုးတက်လာသည်ကို ယင်းတိုးတက်ဖြစ်ထွန်းမှုများက ဖော်ပြလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရေးတွင် ပဓာနကျသည့် စက်မှုကဏ္ဍတိုးတက်မြင့်မားရေးအတွက် တိုးမြှင့်တည်ဆောက်သွားရန် နိုင်ငံတော်အကြီးအကဲက မှာကြားထားကြောင်း။

ထို့ကြောင့် ရခိုင်ပြည်နယ်အနေဖြင့်လည်း နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြဖို့လိုကြောင်း။

ဒေသဝမ်းစာဖူလုံမည်

အလားတူပင် သား၊ငါးကဏ္ဍတွင်လည်း တိုးမြှင့်ထုတ်လုပ်ကြရန်လိုကြောင်း၊ ရခိုင်ပြည်နယ်၏ နှစ်စဉ်တစ်ဦးချင်း ပျမ်းမျှဝင်ငွေသည် တစ်နိုင်ငံလုံးတွင် အဆင့် (၉)ရှိရာ ပိုမိုကြိုးစားဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း၊တိုးတက်လာသည့် လူဦးရေနှင့်လိုက်လျောညီထွေစွာ ဆန်စပါးတိုးမြှင့်စိုက်ပျိုးပါမှ ဒေသဝမ်းစာဖူလုံမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အနေဖြင့် ရှိထားပြီး ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများကို အခြေခံပြီး မိမိပြည်နယ်နှင့်တကွ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရခိုင်ပြည်နယ်၌ စပါးသီးနှံစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက်လည်းကောင်း၊ ရော်ဘာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးနည်းစနစ်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

လမ်း၊တံတားများအခြေအနေ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သော လမ်း၊တံတားများ အခြေအနေနှင့် ဆက်လက်တည်ဆောက်ပေးနေသည့် လမ်း၊တံတားများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရခိုင်ပြည်နယ်၏သား၊ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ဒေသကြက်မွေးမြူဖြစ်ထွန်းအောင်မြင်မှုအခြေအနေနှင့် ဝန်ကြီးဌာနက ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော်၏ကိုယ်စား ဒေသတာဝန်ခံအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် တိုင်းမှူး၏ ဦးဆောင်မှုအောက်တွင် အားလုံးက ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းပြီး ရခိုင်ပြည်နယ်၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် လုပ်ဆောင်ဖွယ်ရာများကို ဥစ္စာရင်လို ဥစ္စာရင်ခဲ့ဆိုသလို ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အဓိကတည်မှီနေ

ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ၏ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်မှု အတိုင်းအတာပေါ်တွင် အဓိကတည်မှီနေကြောင်း။

ရခိုင်ပြည်နယ်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးတွင်ပါဝင်မှု အချိုးအစား ၄ဒသမ ၆ ရာခိုင်နှုန်း ရှိခဲ့ရာ ယခုနှစ်တွင် ထို့ထက်ပို၍ တိုးတက်ရန် ရည်မှန်းဆောင်ရွက်ကြရန်လိုကြောင်း။

အလားအလာကောင်းများရှိနေ

ရခိုင်ပြည်နယ်မှာ ရေမြေသယံဇာတနှင့် လူဦးရေအချိုးသင့်တင့်မျှတစွာရှိနေရာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများရှိနေသည်ဟု ဆိုနိုင်ကြောင်း။

ရခိုင်ပြည်နယ်၌ ပင်လယ်ရေသယံဇာတအနေဖြင့် သုံးမကုန်လောက်အောင် ရှိနေပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များလည်း ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြေသယံဇာတအနေဖြင့်လည်း စိုက်ပျိုးဖြစ်ထွန်းသည့် မြေဩဇာကောင်းသောမြေများ၊ သစ်တောဖုံးလွှမ်းမြေများ များစွာရှိနေကြောင်း။

အကျိုးဖြစ်ထွန်းနိုင်

သို့ဖြစ်၍ ရခိုင်ပြည်နယ်အနေဖြင့်အဖိုးတန်ရေ၊ မြေသယံဇာတ၊ သစ်တောသယံဇာတများ ပေါများကြွယ်ဝစွာ ရှိထားပြီးဖြစ်ရာ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၏ ကြံစည်အားထုတ်မှု၊ ကြိုးပမ်းဆောင်ရွက်မှုများ ပေါင်းစပ်လိုက်ပါက လုပ်လျှင်လုပ်သလောက် အကျိုးဖြစ်ထွန်းနိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း။

အမြောက်အမြားတိုးချဲ့စိုက်ပျိုး

စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးတိုးချဲ့စိုက်ပျိုးရန်သာမက ပြည်ပဈေးကွက်ရှိသည့် ရော်ဘာ၊ ငရုတ်ကောင်း၊ ကြက်သွန်စသည့် နှစ်ရှည်နှင့် ရာသီသီးနှံများ အမြောက်အမြား တိုးချဲ့စိုက်ပျိုးကြရန် မှာကြားလိုကြောင်း။

ဒေသတွင်ရှိပြီးဖြစ်သည့် ရေ၊ မြေ၊ သယံဇာတ၊ မျှတသည့် လူဦးရေနှင့် ဒေသခံများ၏ တီထွင်ကြံဆမှု၊ ကြိုးပမ်းအားထုတ်မှုများ ပေါင်းစည်းလိုက်ပါက ဒေသဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ယင်းဖွံ့ဖြိုးမှုအခြေခံလိုအပ်ချက်များ ပေါင်းစည်းမိစေရေးအတွက် ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံ့ဝန်ထမ်းများက တာဝန်ယူဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ရှင်းလင်းတင်ပြ

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်း အောင် လှိုင် က ရခိုင် ပြည်နယ်၏ ဖွံ့ဖြိုး တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

မြေကြီးလက်ခတ်မလွဲ

ဦးဆောင်ဦးရွက်ပြုသူများက ထက်ထက်မြက်မြက် စည်းရုံးဆောင်ရွက်သွားမည်ဆိုပါက မိမိတို့ဒေသ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ကြောင်း။

ဒေသခံပြည်သူများ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်က ချမှတ်ထားသော ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ကြွယ်ဝပေါများလှသည့် သယံဇာတစွမ်းအား၊ ပြည်သူများ၏ လုပ်ကိုင်နိုင်မှုစွမ်းအား၊ ကြံစည်အားထုတ်မှုစွမ်းအားနှင့်ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်မှုစွမ်းအားတို့ပေါင်းစည်းပြီး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်လာမည်

မြန်မာနိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်နိုင်မှုအလားအလာကောင်းများ တည်ရှိနေပြီးဖြစ်ကြောင်း၊ ကျယ်ဝန်းသည့် ရေမြေနယ်နိမိတ်၊ သင့်တင့်လျောက်ပတ်သည့် လူဦးရေအချိုးအစား၊ သဘာဝသယံဇာတပေါများကြွယ်ဝမှု၊ ပြည်သူများ၏ အမျိုးဂုဏ် ဇာတိဂုဏ် ထက်မြက်မြင့်မားမှု၊ နိုင်ငံသူနိုင်ငံသားများ၏ ဉာဏ်ရည် ထက်မြက်ကောင်းမွန်မှုတို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများကို ဖန်တီးပေးထားပြီးဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံသားများက ကြိုးစားလုပ်ဆောင်ကြလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အတာရေများပက်ဖျန်း ဂါရဝပြုနှုတ်ဆက်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေလေဆိပ်သို့ရောက်ရှိကြရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရခိုင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက နံ့သာရည်များဖြင့် အတာရေများ ပက်ဖျန်း၍ ဂါရဝပြုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စစ်တွေလေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ ရောက်ရှိကြသည်။

အင်္ဂပါလိရိပ်သာရောက်ရှိ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား တပ်မတော်အရာရှိကြီးများ၊ သံတွဲခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများက နံ့သာရည်ဖြင့် အတာရေပက်ဖျန်း၍ ဂါရဝပြုကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သံတွဲမြို့ အင်္ဂပါလိရိပ်သာသို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုအခိုင်အမာတွေ့မြင်နေရ

- ❑ နိုင်ငံတော်အနေဖြင့် နှစ်တိုနှစ်ရှည်စီးပွားရေးစီမံကိန်းများချမှတ်ပြီး စနစ်တကျကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် နှစ်စဉ်မှန်မှန်တိုးတက်ခဲ့ရာ တတိယငါးနှစ်စီမံကိန်းကာလတွင် ၂၀၀၁-၂၀၀၂ခုနှစ်မှ စ၍ နှစ်စဉ် ၁၁ဒသမ၃ရာခိုင်နှုန်း၊ ၁၂ ဒသမ ၀ ရာခိုင်နှုန်း၊ ၁၃ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၁၂ဒသမ ၆ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပြီး ၂၀၀၄-၂၀၀၅ခုနှစ်ရှိ တစ်ဦးချင်းဝင်ငွေ မှာ ၁၆၅၇၂၉ကျပ်အထိ တိုးတက်ခဲ့၊
- ❑ တတိယငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် အခြေခံနှစ်နှင့်နှိုင်းစာပါက နိုင်ငံတော်၏စီးပွားရေးသည် ၁ဒသမ၄ဆ တိုးတက်ခဲ့သည်ကို တွေ့ရ၊
- ❑ ၎င်းကိန်းဂဏန်းများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို စာရင်းဇယားများ၊ ကိန်းဂဏန်းများအရ အခိုင်အမာတွေ့မြင်ရခြင်းဖြစ်ပြီး မျက်မြင်ဒိဋ္ဌ အခြေအနေတွင်လည်း နိုင်ငံတော်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ (Infrastructure) များကို မျက်ဝါးထင်ထင် တွေ့မြင်နေရ။

ဧပြီ ၁၀ ရက်က ၂၀၀၅ ခုနှစ် တတိယအကြိမ်မြောက် တပ်မတော်ဘောလုံးနည်းပြဆရာများအား အာစရိယ ပူဇော်ပွဲအခမ်းအနားကို မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ကျင်းပရာ တပ်မတော် ဘောလုံးကော်မတီဥက္ကဋ္ဌဟောင်းများကိုယ်စား ဗိုလ်မှူးကြီးသန့်ဇင်(ငြိမ်း)က သြဝါဒစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ကမ္ဘာ့တစ်လွှား အားကစား

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ဒုတိယအကျော့ကစား ချယ်လ်ဆီး၊ လီဗာပူး၊ အေစီမီလန်နှင့် ပီအက်စ်ဗွီတို့ဆီမီးတက်ပြီ

မြူးနစ် ဧပြီ ၁၄

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ဘေယန်မြူးနစ်က ချယ်လ်ဆီးကို အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရပြီး အေစီမီလန်က အင်တာမီလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ်အရ ချယ်လ်ဆီးနှင့်အေစီမီလန်တို့ ဆီမီးဖိုင်နယ်တက်ရောက်သွားကြပြီဖြစ်သည်။

ထို့အတူ ချန်ပီယံလိဂ်ဒုတိယအကျော့ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဂျူဗင်းတပ်စ်နှင့်လီဗာပူးတို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်သွားပြီး ပီအက်စ်ဗွီနှင့် လိုင်ယွန်တို့ပွဲတွင် ပီအက်စ်ဗွီက ပယ်နယ်တီအဆုံးအဖြတ်အရ လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သဖြင့် လီဗာပူးနှင့် ပီအက်စ်ဗွီတို့ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခဲ့ကြပြီဖြစ်သည်။

ဘေယန်မြူးနစ်နှင့်ချယ်လ်ဆီး

ချယ်ဆီးလ်ကွင်း၌ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့တွင် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသော ဘေယန်မြူးနစ်တို့ ဒုတိယအကျော့ အိမ်ကွင်း၌ ကစားရာတွင်လည်း ချယ်လ်ဆီး၏ ဦးဆောင်ဂိုးသွင်းပြီးမှသာ ချေပဂိုးနှင့်အနိုင်ဂိုးများကို လိုက်လံသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဘေယန်မြူးနစ်၏ တိုက်စစ်ကို ချယ်လ်ဆီးတို့ကွင်းလယ်မှ ဖြတ်တောက် ကစားခဲ့ပြီး ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ မိနစ် ၃၀တွင် ဘေယန်မြူးနစ်ဂိုး၏ ကိုက်၂၀ အကွာမှနေ၍ ဖရန့်လမ်းပတ်က အပြင်းကန်သွင်းခဲ့သဖြင့် ချယ်လ်ဆီးတို့ ဖွင့်ဆော်ဦးဂိုးရရှိသွားခဲ့သည်။ မိနစ် ၆၀တွင်လည်း ချယ်လ်ဆီးတို့ အလွတ်တည်ကန်ဘောရရှိရာ ယင်းဘောလုံးကို ဖရန့်လမ်းပတ်က ဒပ်ဖ်ထံ ကန်တင်ပေးရာ ဒပ်ဖ်၏ ခြောက်ကိုက် အကွာမှ မနားတမ်းကန်သွင်းချက်ကို ဘေယန်မြူးနစ်ဂိုးသမားအိုလီဗာခမ်း ကာကွယ်သွားနိုင်ခဲ့သဖြင့် သက်သာခဲ့ရခြင်းဖြစ်သည်။

ဘေယန်မြူးနစ်တို့ ချေပဂိုးရရှိရေးဖိကစားရာမှ ၆၅မိနစ်တွင် ဘေယန်မြူးနစ်တိုက်စစ်မှူး ပီဇာရိုက ချေပဂိုးသွင်းယူခဲ့သည်။ထို့နောက်ချယ်လ်ဆီးတို့ အနိုင်ဂိုးရရှိရေးအတွက် ကြိုးစားရာမှ ၈၁မိနစ်တွင် ဒရော့ဘာက တစ်ဂိုးထပ်မံသွင်းယူခဲ့ရာ ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။ပွဲချိန်ပြီးခါနီးအထိ ဘေယန်မြူးနစ်တို့ ချေပဂိုးမသွင်းနိုင်ဘဲရှိရာ မိနစ် ၉၀ရောက်မှ ဂူရီရိုက တစ်ဂိုး၊ ၉၁မိနစ်တွင် စခိုးက တစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ဘေယန်မြူးနစ်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း နှစ်ပွဲပေါင်းရလဒ် ခြောက်ဂိုး-ငါးဂိုးဖြင့် ချယ်လ်ဆီးတို့ အနိုင်ရရှိပြီး ဆီမီးတက်ရောက်သွားခဲ့ပြီဖြစ်သကဲ့သို့ ချန်ပီယံလိဂ်ဖလား လေးကြိမ်ရခဲ့ဖူးသော နာမည်ကြီး ဘေယန်မြူးနစ်လည်း ကွာတားအဆင့်မှာပင် ကျန်ရစ်ခဲ့ရပြီဖြစ်သည်။

အေစီမီလန်တို့နိုင်ပွဲဆက်

အဝေးကွင်း၌ အေစီမီလန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးခဲ့ရသော အင်တာမီလန်က မိမိကွင်းတွင် ဧည့်ခံကစားရာ၌လည်း ရှုံးပွဲနှင့်ပင်ထပ်မံကြုံတွေ့ခဲ့ရပြန်သည်။ အင်တာမီလန်၏ အက်ဒရီရာနို၊ ဇနက်တီ၊ ဗီရွန်နှင့် ဗွန်ဇာလက်တို့လည်း အေစီမီလန် ခံစစ်ကြောင်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ပေ။ ရရှိသည့်အခွင့်အရေးများကိုလည်း အကျိုးရှိစွာအသုံးမချနိုင်ခဲ့မှုကြောင့် ချေပတစ်ဂိုးပင် မသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အေစီမီလန်မှ ရှက်ချင်ကို၊ ခရက်စ်ပို၊ ဆီးဒေါ့၊ ပီယာလိုနှင့် ကာကာတို့က အပေးအယူမှန်ကန်စွာဖြင့်တိုက်စစ်ဆင်ကစားနိုင်မှုကြောင့် မိနစ် ၃၀ တွင်ရှက်ချင်ကိုက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ အင်တာမီလန်တို့ ချေပဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ဗွန်ဇာလက်၊ ကော်ဒိုဘာနှင့် ကမ်ဘီယာဆိုတို့ အဝါကတ်ပြခံရသည်မှလွဲ၍ ချေပဂိုးမသွင်းနိုင်ခဲ့ပေ။

အေစီမီလန်တို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ်သုံးဂိုး-ဂိုးမရှိဖြင့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

လီဗာပူးဆီမီးတက်

စီးရီးအေ ထိပ်သီး ဂျူဗင်းတပ်စ်လည်း မိမိကွင်း ဒယ်လီအယ်လ်ပီ၌ တစ်ဂိုးမျှပင်မသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့ရသည်။ စတီဗင်ဂျရတ်မပါသည့် လီဗာပူးအလယ်တန်းကို အလွန်ဆိုနှင့် အစားထိုးကာ ကစားစေခဲ့ရာ တိုက်စစ်ကိုပံ့ပိုးပေးနိုင်သော်လည်း မီလန်ဘားရို့စ်၊ နူနက်ဇ်နှင့် ရီဆီတို့က အခွင့်အရေးကောင်းများကို အပြည့်အဝအသုံးမချနိုင်ခဲ့မှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ဂျူဗင်းတပ်စ်တို့ ၄း၃း၃ ပုံစံဖြင့် ကစားပြီး ဘယ်ညာတောင်ပံများမှဂိုးရှေ့သို့ တင်ပေးသည့် ဘောလုံးများကို တိုက်စစ်မှူးများက အဆုံးသတ်မပိုင်မှုကြောင့် ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။ ပွဲချိန်ပြီးဆုံးသည်အထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲသရေပွဲဖြစ်ခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ်အရ လီဗာပူးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဂျူဗင်းတပ်စ်နှင့် လီဗာပူးတို့ပွဲတွင် လီဗာပူးမှဂါစီရာ(ယာ)နှင့် ဂျူဗင်းတပ်စ်မှ အီမာဆင်တို့ ဘောလုံးယှဉ်လုစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပီအက်စ်ဗွီဆီမီးတက်

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့တွင် အဝေးကွင်း၌ တစ်ဂိုးစီသရေကျခဲ့သည့် ပီအက်စ်ဗွီလည်း မိမိကွင်း ဖီးလဒ်စ်တွင် လိုင်ယွန်နှင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရပြန်သည်။

ဧည့်သည် လိုင်ယွန်၏တိုက်စစ်မှူး ဝီးလ်တော့က ၁၀ မိနစ်တွင် အဖွင့်ဂိုးသွင်းယူခဲ့သဖြင့် ချေပဂိုးကို ဒုတိယပိုင်း ၅၁ မိနစ်ရောက်မှသာ ပီအက်စ်ဗွီနောက်ခံလူ ကော်စတာက ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံး အချိန်ပိုတွင်ပါ ထပ်မံဂိုးမသွင်းနိုင်ဘဲ သရေကျနေသဖြင့် ပယ်နယ်တီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရာမှ ပီအက်စ်ဗွီက လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခြင်းဖြစ်သည်။

(အင်တာနက်)

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ဒုတိယ အကျော့ပွဲစဉ်အဖြစ် ဘေယန်မြူးနစ်နှင့် ချယ်လ်ဆီးတို့ပွဲတွင် ဘေယန်မြူးနစ်မှ မိုက်ကယ်ဘောလက်(ယာ) **နှင့် ချယ်လ်ဆီးမှ ဖရန့်လမ်းပတ်တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

အက်ဖ်အေဖလားပထမအကြိမ်ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင် အာဆင်နယ်က ဘလက်ဘန်းကိုနိုင်ပြီးဗိုလ်လုပွဲတက်ပြီ

ရန်ကုန် ဧပြီ ၁၆

အင်္ဂလိပ်အက်ဖ်အေဖလား ပထမအကြိမ်ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ၆နာရီ၄၅မိနစ်က အာဆင်နယ်အသင်းနှင့်ဘလက်ဘန်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ အာဆင်နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အနိုင်ဂိုး

အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၄၂မိနစ်တွင် ရောဘတ်ပီရက်စ်က ပထမဂိုး၊ ၈၆မိနစ် နှင့် မိနစ်၉၀ တွင် ဗန်ပါစီက ဒုတိယဂိုးနှင့် တတိယဂိုး သွင်းယူပေးသည်။

အာဆင်နယ်အသင်းသည် ဗိုလ်လုပွဲစဉ်အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် နယူးကာဆယ်ယူနိုက်တက်အသင်းတို့၏ ဒုတိယအကြိမ်ဗိုလ်လုပွဲစဉ်မှ အနိုင်ရရှိသူနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဧပြီ၁၇ရက်**(ယနေ့)**မြန်မာစံတော်ချိန် ည ၇နာရီခွဲတွင် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်၌ အာဆင်နယ်အသင်းမှ ပက်ထရစ်ဗီယာရာ(ဝဲ)နှင့် ဘလက်ဘန်းအသင်းမှ အာရွန်မော့ခ်ကိုနာတို့ ဘောလုံးယှဉ်လုကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ်ပွဲစဉ်(၃၃) စနေနေ့ ညအနိုင်အရှုံး

ရန်ကုန် ဧပြီ ၁၆

ချာလ်တန်	**၁-၂**	**ဘော်လတန်**
ပဲလေ့စ်	**၃-၃**	**နော့စ်ချ်ဝစ်**
ဖူဟမ်	**၁-၁**	**မန်စီးတီး**
လီဗာပူး	**၂-၂**	**တော့တင်ဟမ်**
ဆောက်သမ်တန်	**၂-၃**	**ဗီလာ**

(မြန်မာ့အလင်း)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေး ဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး မူလတန်းကျောင်းဆောင်သစ်နှင့်ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ဦးဆောင်မှုဖြင့် မြန်အောင်မြို့နယ်၊ စီးဖြူကုန်းကျေးရွာအုပ်စု၊ မန်ကျည်းကွင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ဆောက်လုပ်ပြီးစီး၍ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားနှင့် မြန်အောင်မြို့နယ်၊ ဆင်ကျုံးကွင်း၊ နှောကုန်း၊ မဲဇလီကွင်းနှင့် ထောက်ကျံကွင်း ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲအခမ်းအနားများကို ဧပြီ ၁၂ရက်တွင် အဆိုပါနေရာများ၌ ကျင်းပပြုလုပ်ပြီးစီးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများ တတ်ရောက်ကြသည်။

ရှေးဦးစွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က စက်ခလုတ်နှိပ်၍ ကျောင်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး၊မန်ကျည်းကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ် ဦးသန်းတိုးနှင့်ကျောင်းပြင်ဆင်ရေးကော်မတီဘဏ္ဍာရေးမှူး ဦးမြသိန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကား ပြောကြားကြပြီး ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက တိုင်းပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အခမဲ့ပညာသင်ကြားနိုင်ရေးအတွက် ငွေပဒေသာပင်စိုက်ထူရန် တိုင်းမှူးက ငွေကျပ် ၁၀၀၀၀၀၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ကျောင်းသား ကျောင်းသူဟောင်းများက ငွေကျပ် ၁၂၀၀၀၀နှင့် စေတနာရှင် ဦးကျော်မြင့်က ကျောင်းစာကြည့်တိုက် အတွက် စာအုပ်မျိုးစုံ ၃၂၁အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။ မန်ကျည်းကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်တည်ဆောက်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး၏ပံ့ပိုးမှုဖြင့် မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကဦးဆောင်ကာ ပြင်ဆင်ရေးလုပ်ငန်းများကို ၁၇-၅-၂၀၀၄ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီးနှင့်စေတနာရှင်ပြည်သူများ၏စုပေါင်းလှူဒါန်းငွေ ၄၀၇၄၁၂၄ကျပ်ဖြင့် ကျောင်းပြင်ဆင်မွမ်းမံခြင်း၊ ကျောင်းစာကြည့်တိုက် အဆင့်မြှင့်တင်ခြင်းနှင့် အားကစားကွင်းဖောက်လုပ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရှိရသည်။

ဖွင့်လှစ်ပေး

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးတို့သည် ဆင်ကျုံးကွင်း၊ နှောကုန်း၊ မဲဇလီကွင်းနှင့် ထောက်ကျံကွင်း ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်၍ အဆိုပါ မြေသားလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းမြေသားလမ်းသည် အကျယ် ၁၄ပေ၊ အရှည်နှစ်မိုင်လေးဖာလုံရှိပြီး မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြန်အောင် ရေနံမြေ အင်ဂျင်နီယာဌာနတို့ ပူးပေါင်း၍ အမာခံ မြေသားလမ်းဖောက်လုပ်ခြင်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရာသီမရွေးအသုံးပြုနိုင်မည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သာကေတမြို့နယ် ဘဒ္ဒန္တကုသလ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နတ်မောက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အမှတ်(၁)ဦးစီးပဓာန နာယကဆရာတော်က ကြီးမှူး၍ ကျောင်းတွင်ပညာသင်ကြားနေသော ကျောင်းသားများအား စုပေါင်းရဟန်းခံရှင်ပြုပွဲကို ဧပြီ ၈ရက်က ကျင်းပရာ ဆရာတော်ကြီးက ရဟန်း၊ ရှင် ၁၀၈ပါးတို့အား သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းချီးမြှင့်ပေးတော်မူစဉ်။
(၂၅၈)

ကြံသီးနှံအထွက်ကောင်းစိုက်ပျိုးရေးအတွက်နည်းပညာပြသရှင်းလင်းပွဲ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌဗိုလ်မှူးချုပ်လှမင်းတက်ရောက်

ရန်ကုန် ဧပြီ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ကြံလုပ်ငန်းနှင့် ထိုင်းနိုင်ငံ စူးတက်အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ပြည်မြို့နယ် အမှတ်(၁၂)သကြားစက် နယ်မြေရှိ ရှမ်းကုန်းမျိုးပွားခြံ၌ ကြံသီးနှံအထွက်ကောင်း စိုက်ပျိုးရေးအတွက် နည်းပညာပြသရှင်းလင်းခြင်းနှင့် ကြံစိုက်ပျိုးရာတွင်အသုံးပြုသော စက်ကိရိယာများပြသခြင်းအခမ်းအနားကို ဧပြီ ၁ရက် နံနက်၇နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားပြီး မြန်မာ့ကြံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွဋ်က ကြံသီးနှံနှင့် သကြားထုတ်လုပ်မှုဆိုင်ရာများကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စိုက်ပျိုးရေးတွင် စက်ကိရိယာများအရေးပါမှုကိုလည်းကောင်း၊ ထိုင်းနိုင်ငံ စူးတက်အင်ဂျင်နီယာရင်းကုမ္ပဏီ ဥက္ကဋ္ဌ Dr. Terapol Pruksathorn က Model Contract Farming Project နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

စိုက်ကွင်းအတွင်းကြည့်ရှု

ယင်းနောက် အမှတ်(၁၂)သကြားစက် စက်ရုံမှူး ဦးတင်စိန်က စက်ကိရိယာများနှင့် ကြံစိုက်ကွင်းများကို သရုပ်ပြရှင်းလင်းပြီး ဗိုလ်မှူးချုပ်လှမင်းသည် တာဝန်ရှိသူများနှင့်အတူ စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Y.E.S.မှ အင်္ဂလိပ်ဘာသာစကား သင်တန်းများ
Basic Spoken English : APR - 18,24,2
Pre-Intermediate English : APR - 24,25
Basic Writing, Academic Writing : APR - 25,30
Vocabulary Enrichment Course : APR - 25
Academic Preparation IELTS : APR - 18
TOEFL, IELTS, GFC, IE, SAT
No.180, 2nd Flr, 28th St.(Upper) Pabedan Tsp ☎ 243950

KMD Group of Companies နှစ်သစ်ဆုမွန်လွှာ
၁၃၆၇ ခုနှစ်သစ်ကူးအခါသမယတွင် မြန်မာနိုင်ငံသူ၊နိုင်ငံသားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်းနှင့်
ICT ပညာရပ်များ ပိုမိုတိုးတက် ထွန်းကားပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက် - - - -
KMD DCD MRI iCorner

၁၃၆၇ ခု - နှစ်သစ်မင်္ဂလာ၊ နှုတ်ခွန်းဆက်လွှာ
TOP CHOICE ဗလာစာအုပ်

မြန်မာပြည်သူပြည်သားများနှင့် TOP CHOICE ဗလာစာအုပ်များကို ဝယ်ယူအားပေးကြသည့် ဖြန့်ချိသူ၊ ရဟန်း၊ ရှင်၊ လူ၊ ကျောင်းသူ ကျောင်းသား၊ ရုံးသူ ရုံးသားများအား စိတ္တသုခ၊ ကာယ သုခ နှင့် ပြည့်စုံပြီး အစဉ် အမြဲ ရွှင်လန်း ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။
အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဖိန်လန်၊ ပူးပေါ်၊ ဘာသီ ၏စက္ကူများကို အသုံးပြု၍ ကာဘာ ဒီဇိုင်းအသစ်များနှင့် ဗလာစာအုပ် အမျိုးမျိုး (မာကျင်ပါ) ကို လက်လီ လက်ကား ဖြန့်ချိပေးနေပါသည်။
E-mail : topchoice@myanmar.com.mm

နှစ်သစ်မင်္ဂလာသဝဏ်လွှာ

မြန်မာနှစ်သစ်ကူး မင်္ဂလာနေ့အချိန်အခါမှစ၍ ဝယ်ယူအားပေးကြသော SWEETY HOME ၏ မိတ်ဟောင်းဆွေသစ်များနှင့် မြန်မာပြည်သူအပေါင်းတို့ ကျန်းမာပါစေ၊ စီးပွားတိုးတက်ပါစေ၊ စိတ်နှလုံး ဝမ်းမြောက်ရွှင်ပြုံးပါစေကြောင်း SWEETY HOME မိသားစုက ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

SWEETY HOME INDUSTRY CO., LTD.

ရသာမှန် Yum Yum® ခေါက်ဆွဲ

ချစ်ခင်လေးစားရပါသော မြန်မာပြည်သူ ပြည်သားအပေါင်းတို့ကို Yum Yum ခေါက်ဆွဲမိသားစုက မြန်မာသက္ကရာဇ် (၁၃၆၆-၆၇) နှစ်သစ်မင်္ဂလာတွင် ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နှစ်သစ်အတွက်စားသုံးရာတွင်လွယ်ကူပြီး မပြောင်းလဲသော အရသာနှင့် ဒီဇိုင်းအသစ်

Yum Yum® CUP NOODLE လေးများအား စားသုံးသူများထံသို့ ထပ်မံမိတ်ဆက်လိုက်ပါတယ်။

ရသာချိုစက်မှုလုပ်ငန်းလီမိတက်

မြို့နယ်လုံးကျွတ် သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆောမြို့၌ ကျင်းပ

ဆော ဧပြီ ၁၀

ဆောမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၂ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဆောမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ပိုစတာဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို မြို့လယ်လမ်းဆုံတွင် ကျင်းပရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး **(ယာပုံ)** ပိုစတာဆိုင်းဘုတ်ကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဆောမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် အခမ်းအနားကို ဆောမြို့ ယောမင်းကြီးဦးဘိုးလှိုင်ခန်းမတွင် ဆက်လက်ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်က အမှာစကား ပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးမြင့်သူတို့က မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိခြင်းနှင့်ပတ်သက်သည့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ်စည်ပင်)**

မင်္ဂလာတောင်ညွန့် မြို့နယ် တောင်ညွန့် မီးရထားရပ်ကွက်တွင် စုပေါင်း ရေကန်ခံ ရှင်ပြုပွဲ အခမ်းအနားကို ဧပြီ ၃ ရက်က ကျင်းပရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်မြင့်က ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။ (က-ပ)

ဒေါ်ပုံမြို့နယ် အမက(၉)၏ ၂၀၀၄-၂၀၀၅ခု ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဦးက စတုတ္ထတန်းမှ မအိမ့်မေသဲနောင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

လှယဉ်ကျေးမယ်နှင့်မောင်ပြိုင်ပွဲ ဖန်းမော်၌ဆုချီးမြှင့်

ဖန်းမော် ဧပြီ ၉

ဖန်းမော်မြို့နယ်တွင် ငါးနှစ်အောက် ကလေးများ ခရိုင်အဆင့် လှယဉ်ကျေးမယ်နှင့်မောင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၂ ရက်က ဖန်းမော်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဗိုလ်မှူးချုပ် စိုးနွယ်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဖန်းမော်၊ ရွှေကူ၊ မိုးမောက်နှင့် မန်စီမြို့နယ်များမှ ပြိုင်ပွဲဝင်မောင်မယ် စုစုပေါင်း ၄၈ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ချောင်းဦး၌ မီးဘေးကာကွယ်ရေး ပညာပေးဟောပြော

ချောင်းဦး ဧပြီ ၁၀

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ငါးလုံးတင်ကျေးရွာအုပ်စုအတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၁ရက်က ငါးလုံးတင်ကျေးရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကြီးနှင့် မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်လင်းခိုင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် တိုင်းမီးသတ်ဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်တိုးက မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် လိုအပ်ချက်များကို ပညာပေးဟောပြောကြကြောင်း သိရသည်။ **(ယာပုံ)** (က-ပ)

ဂါရဝပြုကြိုဆို

ဧပြီ၁၅ရက်က နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ရခိုင်ပြည်နယ် သံတွဲ လေဆိပ်တွင် သံတွဲ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ များနှင့် အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ က နံ့သာရည်များဖြင့် အတာ ရေပက်ဖျန်း၍ ဂါရဝပြု ကြိုဆိုကြစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁၇

၂၀၀၅ခုနှစ် ဧပြီ၁၇ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘာရှာအယ်(လ်)အာဆက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်၏ တိုးတက်ရာတိုးတက်ကြောင်း ဥစ္စာရင်လို ဥစ္စာရင်ခဲ ကြိုးစားဆောင်ရွက်

- ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်မှု အတိုင်းအတာပေါ်တွင် အဓိကတည်မှီနေ၊
- ရခိုင်ပြည်နယ်၏ ရေ မြေ သယံဇာတနှင့် လူဦးရေအချိုး သင့်တင့်မျှတစွာရှိနေရာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ ရှိနေသည်ဟုဆိုနိုင်၊
- စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါး တိုးချဲ့စိုက်ပျိုးရန်သာမက ပြည်ပဈေးကွက်ရှိသည့် ရော်ဘာ၊ ငရုတ်ကောင်း၊ ကြက်သွန် စသည့် နှစ်ရှည်နှင့် ရာသီသီးနှံများ အမြောက်အမြား တိုးချဲ့စိုက်ပျိုးကြ၊
- ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်က ချမှတ်ထားသောရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရန် ကြွယ်ဝပေါများလှသည့် သယံဇာတစွမ်းအား၊ ပြည်သူများ၏ လုပ်ကိုင်နိုင်မှုစွမ်းအား၊ ကြံ့စည်အားထုတ်မှုစွမ်းအားနှင့် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်မှုစွမ်းအားတို့ ပေါင်းစည်းပြီး ကြိုးစားဆောင်ရွက်သွားကြ။